# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၀)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုသိပ္ပံများ ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား

## တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများအတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ (နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ သူနာပြုသိပ္ပံများကို ကရုဏာအလင်း သူနာပြုဆီမီးဖြင့် စက်ခလုတ်နှိပ်၍ တစ်ပြိုင်တည်းဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၆

သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သူနာပြုသိပ္ပံ(နေပြည်တော်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ သူနာပြုအုပ်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## (၇၉)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ( တနင်္ဂနွေနေ့ ) (၇၉) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

မြဝတီ

## (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၆

(၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများအား ယင်းနေ့ နံနက်(၇)နာရီ၊ မိနစ် (၄၀)မှ စတင်ပြီး MRTV HD Channel၊ MRTV News Channel၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel၊ Sky Net Up to Date Channel၊ Channel 9၊ Channel K၊ Hey Play Sports Channel၊ M Channel၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှ လည်းကောင်း၊ မြန်မာ့အသံ ရေဒီယို၊ ရွှေFM၊ ပတ္တမြား FM၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ FM ပုဂံ၊ သဇင် FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

**ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်**

. . . . . . . . . . . . . . . . . . . . . . . .

**စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများတင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်**

. . . . . . . . . . . . . . . . . . . . . . . .

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများပေးပို့လျှောက်ထားနိုင်**

. . . . . . . . . . . . . . . . . . . . . . . .

**ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်**

စာ - ၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်)

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည့် အကြောင်းရင်းများတွင် ပညာဉာဏ်ဖွံ့ဖြိုးမှုသည်လည်း တစ်ခုပါဝင်သည်။ အတန်းပညာ၊ အသိပညာအားနည်းပြီး အခြားသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လုပ်ဆောင်ကြသောအခါ နိုင်ငံတည်ငြိမ်မှုပျက်ပြားကာ တိုးတက်မှုနှေးကွေးနိုင်သည်။ ယခုလည်း မြန်မာနိုင်ငံတချို့ဒေသများမှာဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျောင်းသားအရွယ်လူငယ်များ၏ ပညာသင်ကြားခွင့်ဆုံးရှုံးနေရသည်။ နိုင်ငံတိုင်းတွင် ပညာရေးကိုအလေးထားကာ လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံ၌ အချို့သောလက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက ပညာရေးနှင့်ပတ်သက်၍ ပိတ်ပင်တားဆီးနေသည်မှာ အလွန်ပင်အရုပ်ဆိုးအကျည်းတန်လှသည့် လူ့အခွင့်အရေးချိုးဖောက်သည့်လုပ်ရပ်ဖြစ်သည်။

အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကိစ္စကြီးငယ်ကို ကြည်လင်စွာ ထဲထဲဝင်ဝင်စဉ်းစားနိုင်သူများကသာ နိုင်ငံ့အရေးကို အကောင်းဆုံး၊ အမှန်ကန်ဆုံးသော အဆုံးအဖြတ်ကိုပြုနိုင်သည်။ ထို့ကြောင့် လူငယ်တိုင်းကိုဘက်စုံပညာရေးစနစ်သင်ကြားပေးခြင်းနှင့်အတူ ဗလငါးတန်ပြည့်ဝအောင်သင်ကြားပေးနေခြင်းမှာ ပညာလည်းပြည့်ဝ၊ နှလုံးလည်းလှသည့် လူ့အဖွဲ့အစည်းပေါ်ထွန်းရေးဖြစ်သည်။ သို့မှသာ မိမိတို့နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာဝပြောအောင် ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်မှာ အဓိကဖြစ်သည်။ ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာသည် အရာရာကိုဆုံးဖြတ်လျက်ရှိသည်။ အရည်အသွေးမီပညာရေးသည် ပြည်သူလူထုအတွင်းရောက်နိုင်သည်နှင့်အမျှ အဝိဇ္ဇာဖုံးလွှမ်းမှုများလျော့ပါးလာမည်။ ပြဿနာများကိုပြေလည်စွာဖြေရှင်းနိုင်မည်။ လူမှုစီးပွားဘဝသာယာရေးအခွင့်အလမ်းများ ပွင့်လာမည်။ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်ဘဏ္ဍာငွေတိုးမြှင့်ရင်းနှီးမြှုပ်နှံကာ ပညာရေးအားနည်းသောဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာအလယ်တန်းတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံဘာသာရပ်များသင်ကြားရေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှတစ်ဆင့် သင့်လျော်သောသိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင်လ ၇ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူ လူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန်လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့်ကလေးငယ်များဖြစ်စေရေး၊ သုတရသ အသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များအပြင် အခြားအခြေခံလိုအပ်ချက်များပြည့်မီနေရန်လိုကြောင်း၊ ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန် ”** လမ်းညွှန်ပြောကြားခဲ့သည်။

ပညာရေးနှင့်ပတ်သက်၍ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အေးချမ်းစွာဖြင့်ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ်တတ်မြောက်မှုရှိစေရေးဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်သည့်နေရာများကို ပြန်လည်သိမ်းပိုက်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးလည်း တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုမည်ဖြစ်သည်။ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် ပညာရေးကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံတော်ဘဏ္ဍာငွေ၏ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ သန်းပေါင်းများစွာသော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကြီးမားစွာတိုးတက်ပြောင်းလဲစေမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကိုင်းဆက်စိုက်ပျိုးထားသော ပတ္တမြားငမောက် သရက်သီးများစတင်ခူးဆွတ်ရောင်းချပေးလျက်ရှိ

ပင်းတယ ဇူလိုင် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ၄ က်ပျောတောရပ်ကွက်အတွင်းရှိသရက်ခြံများမှ အရည်အသွေးမြင့် ကိုင်းဆက်စိုက်ပျိုးထားသော ပတ္တမြားငမောက်သရက်သီးများသည် ယခု ဇူလိုင်လဒုတိယပတ်သို့ ရောက်ရှိလာချိန်တွင် ရင့်မှည့်လာပြီဖြစ်၍ ဈေးကွက်အတွင်းသို့ စတင်ခူးဆွတ်ထုပ်ပိုးတင်ပို့ရောင်းချပေးနေပြီဖြစ်သည်။ စားသုံးသူများအနေဖြင့် အနံ့အရသာပြည့်စုံကောင်းမွန်လှသည့် ပတ္တမြားငမောက်သရက်သီးစစ်စစ်များကို မှန်ကန်သောဈေးနှုန်းများဖြင့် စိတ်ချလက်ချဝယ်ယူစားသုံးနိုင်စေရန်ရည်ရွယ်၍ ခြံရှင်များက စနစ်တကျခူးဆွတ်ထုပ်ပိုးကာ ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။

ယခု စတင်ခူးဆွတ်ရောင်းချနေသည့် သရက်သီးများသည် ကိုင်းဆက်စိုက်ပျိုးထားသော သရက်ပင်သက်တမ်း ငါးနှစ်ပြည့်အပင်များမှထွက်ရှိလာသည့် အသီးများဖြစ်ပြီး ဈေးကွက်အတွင်းသို့ သင့်တင့်သောဈေးနှုန်းများဖြင့် အသီးသီးတင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု အလားအလာကောင်းမွန်သော ဓနုဒေသ ပင်းတယမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာအများအပြားတွင် နှစ်ရှည်သီးနှံပင်စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိရာ ဒေသတွင်းမှထွက်ရှိသည့် စိန်တစ်လုံးသရက်သီး၊ ပတ္တမြားငမောက်သရက်သီးနှင့် ရွှေဟင်္သာသရက်သီး အစရှိသော အဆင့်မြင့်သရက်သီးများဆက်တိုက်ရင့်မှည့်လာပြီဖြစ်သည်။ အဆိုပါသရက်သီးများကိုလည်း အရည်အသွေးမပျက် စနစ်တကျခူးဆွတ်ထုပ်ပိုးကာ မြန်မာပြည်အနှံ့ရှိ သရက်သီးဈေးကွက်များသို့ ဆက်လက်တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း ခြံရှင်များနှင့်ဒေသခံများထံမှ သိရသည်။

(၄၀၅)

Online Newspaper

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေး၊ လမ်း၊ မြစ်ကူး၊ ချောင်းကူးတံတားများနှင့် အားကစားကွင်း တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများထောက်ပံ့ကြေးရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ရပ်ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ်အတွင်း ကျေးရွာ ၇၂ ရွာတို့တွင် ဆက်သွယ်ရေး ကွန်ရက်မရှိပါသဖြင့် အော်ပရေတာတစ်ခုခု တာဝါတိုင်နှစ်တိုင်တည်ဆောက်ပေးရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိရှိလို ခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်း၌ မိုဘိုင်းစခန်း ၂၅ ခုကို ဖိုင်ဘာကေဘယ်၊ မိုက်ကရိုဝေ့ဗ်အဝေးဆက်သွယ်ရေးဆက်ကြောင်းများဖြင့် ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မေးခွန်းမေးမြန်းထားသည့် ကျေးရွာအုပ်စုကိုးစု၊ ကျေးရွာ ၇၂ ရွာတွင် လျှပ်စစ်ဓာတ်အားမရရှိနိုင်မှု၊ တောင်ကုန်းတောင်တန်းများထူထပ်၍အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရန်ခက်ခဲမှုတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်းအသစ် တည်ဆောက်တပ်ဆင်ပေးရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း။

သို့သော်လည်း ဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရန်မလွယ်ကူသည့် နယ်မြေဒေသများတွင် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကွန်ဟိန်းမြို့နယ်၌ ကွင်းဆင်းတိုင်းတာရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းများတည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆက်သွယ်ရေးဆက်ကြောင်းများတည်ဆောက်ချိတ်ဆက်နိုင်မှု၊ ဘဏ္ဍာငွေရရှိမှုနှင့်နယ်မြေဒေသအခြေအနေများအပေါ်မူတည်ပြီး ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက မိုဘိုင်းဆက်သွယ်ရေးစခန်းများတည်ဆောက်နိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပုတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအို- နမ့်ထွမ်ခူး ကျေးရွာချင်းဆက်လမ်း၏ကျန်ရှိသော ၁၀ မိုင်အား ကွန်ကရစ်လမ်းအဖြစ်ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပူတာအို-နမ့်ထွမ်ခူး ကျေးရွာချင်းဆက်လမ်း ၁၄ မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေနှင့် ၂၀၁၄-၂၀၁၅ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ဘဏ္ဍာရေးနှစ်အလိုက်မြေသားလမ်း၊ ကျောက်လမ်းဆောင်ရွက်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကွန်ကရစ်လမ်း ၄ မိုင်ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပူတာအို-နမ့်ထွမ်ခူးလမ်း ၁၄ မိုင်မှ ကျန်ရှိသည့် ကွန်ကရစ်လမ်း ၁၀ မိုင်ခင်းခြင်းလုပ်ငန်းကို စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်သည့်အချိန်နှင့် ရန်ပုံငွေရရှိမှုတို့အပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **အမျိုးသမီးရေးရာဝန်ကြီးဌာနအသစ်၏ရည်မှန်းချက်၊ ရေ့လုပ်ငန်းစဉ်များအား ပြည်သူလူထုသိရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေမှာ ၅၃ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိအမျိုးသမီးများသည်လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုလျက်ရှိသဖြင့် ယင်းအင်အားကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်ရေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုအနေဖြင့် ရှင်းလင်းစွာ သိရှိနားလည်နိုင်စေရန် ဝန်ကြီးဌာန၏တရားဝင် Website ၊ လူမှုကွန်ရက်စာမျက်နှာများ၊ ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် ရုပ်သံမီဒီယာများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေသအခြေပြု အသိပညာပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍစုံဆက်သွယ်ရေးအစီအစဉ်များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏အားသာချက်များကို ပေါင်းစပ်အသုံးချ၍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေကာ အမျိုးသမီးများ၏စွမ်းပကားနှင့်စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေးနှင့် အားလုံးအကျုံးဝင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေးကို ရည်မှန်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ခြင်းသည်အဖွဲ့အစည်းဖွဲ့စည်းပုံပြောင်းလဲခြင်းမျှသာမဟုတ်ဘဲ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို ပိုမိုထိရောက်စွာညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကိုဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို မဟာဗျူဟာမြောက် မြှင့်တင်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှတစ်ဆင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များသည် ကာကွယ်စောင့်ရှောက်မှုရရှိပြီး စွမ်းပကားမြင့်မားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် အဓိပ္ပာယ်ရှိစွာပါဝင်ဆောင်ရွက်နိုင်သော အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးငွါးရဲဆဲ၏ **မချမ်းဘောမြို့နယ်တွင်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးနှင့်အားကစားကွင်းများတည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီညီဗိုလ်က မချမ်းဘောမြို့နယ်တွင် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားကွင်းမြေနေရာအဖြစ် မြေဧရိယာ ၄ ဧကခန့်သာရှိသည့်အတွက် အားကစားရုံတည်ဆောက်ရန် မြေနေရာလုံလောက်မှုမရှိပါကြောင်း၊ သို့သော်လည်း ရှိရင်းဘောလုံးကွင်း အလျား ၃၄၅ ပေ၊ အနံ ၂၂၅ ပေ ဖောက်လုပ်ခြင်းနှင့် ရုံးအဆောက်အဦ အလျား ပေ ၅၀၊ အနံ ၃၅ ပေ တည်ဆောက်ခြင်းအတွက် စုစုပေါင်း ငွေကျပ် ၄၇၅ သန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဇန်းမော်မဲဆန္ဒနယ်မှ ဦးကျော်လင်း၏ **ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့သည့် လစဉ်ကြေးများကို ၂၀၂၆ ခုနှစ်၌ ဆိုင်းငံ့ထားသည့်အတွက် ဆက်လက်ထောက်ပံ့ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ပြည်နယ်များတွင်အကြမ်းဖက်ဖြစ်စဉ်ကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့မှုများဆောင်ရွက်ပေးရန် တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှဒီဇင်ဘာလအထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိုသို့တစ်နှစ်စာထောက်ပံ့မှုများဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၂၂၄၄၆ ဒသမ ၇၈ သန်းကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

လက်ရှိတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေကို ၂၀၂၆ ခုနှစ်တွင် မန္တလေးလျှောက်ကြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ တပ်မတော်က နယ်မြေပြန်လည်စိုးမိုးနိုင်ခဲ့သော မြို့ရွာများတွင် အကြမ်းဖက်သမားများဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းတံတား၊ ရေ မီး၊ လျှပ်စစ်စသည့်အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဦးစားပေးသုံးစွဲနေရသဖြင့် နေရပ်သို့မပြန်နိုင်သေးသည့်ပြည်သူများအား ဆက်လက်ထောက်ပံ့နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်မှမြို့မကျေးရွာအုပ်စုသို့ သွယ်တန်းထားသော မြေသားတာမံရေကာတာအား တာပေါင်တာမံချဲ့ထွင်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ထန်းလုံးချောင်းတာသည် ရွှေတောင်မြို့နယ် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်နှင့် မြို့မကျေးရွာတို့ အကြားတွင်တည်ရှိပြီး အဆိုပါတာအား ရေဘေးကာကွယ်ရေးအတွက်သာ ရည်ရွယ်တည်ဆောက်ထားခဲ့ခြင်းဖြစ်သည့်အတွက် တာတမံပေါ်မှကားကြီးကားငယ်များနေ့စဉ်ဖြတ်သန်း၍ ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုပါက အထူးသဖြင့် မိုးရာသီကာလတွင် တာတမံထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါကြောင်း။

တာတမံထိခိုက်ပျက်စီးမှုလျော့နည်းစေရန်နှင့် ရေရှည်ကြံ့ခိုင်မှုရှိစေရေး တာတမံစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများသွားလာနိုင်ရန် တစ်တန်အောက် မော်တော်ယာဉ်၊ ထော်လာဂျီနှင့် ဆိုင်ကယ်များမှလွဲ၍ မည်သည့်ယာဉ်မှဖြတ်သန်းသွားလာခွင့်မရှိစေရေးအတွက် သံမဏိကိုတိုင်မောင်းတံဂိတ်နှစ်ခုကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားရှိခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဒေသနေပြည်သူများ အရေးပေါ်အကြောင်းကိစ္စရှိက ရသီမရွေးလွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ရွာသာယာ-နွားခြံကုန်း-မြို့မလမ်း အရှည် ၃ မိုင် ၇ ဒသမ ၅ ဖာလုံအား ရွှေတောင်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၃ မိုင်နှင့် သုည ဒသမ ၅ ဖာလုံဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့်လမ်းအရှည် ၇ ဖာလုံကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တာထိပ်ပြင်အကျယ် ၉ ပေသာရှိသော ထန်းလုံးချောင်းတာသည် ရေဘေးကာကွယ်ရေးတာဖြစ်သည့်အတွက် တာတမံကြံ့ခိုင်မှုမထိခိုက်စေရန်နှင့်ရေရှည်တည်တံ့ခိုင်မာစေရန်အတွက် မော်တော်ယာဉ်နှစ်စီး ရှောင်နိုင်သည်အထိ တာတစ်လျှောက်လုံး တာပေါင်ချဲ့ထွင်ဆောင်ရွက်ပေးရန်အတွက်လတ်တလော တွင်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ် ကျေးရွာအုပ်စုနှစ်စု၊ မင်းရွာ-ကုက္ကို** စာမျက်နှာ ၄ သို့

❒ **စာမျက်နှာ ၃ မှအဆက်**

**ရေနုတ်မြောင်းဖျားရှိ သောင်အတွင်းတိမ်ကောနေသည့် ရိုးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာ-ကုက္ကိုရေနုတ်မြောင်းသည် ရေကြီးကွင်း၊ ရေနက်ကွင်းများ၏မိုးစပါးစိုက်ဧရိယာများဖြစ်သည့် စိုက်ဧက ၂၃၅၃ အား ရေထုတ်နုတ်ပေးပြီး တောင်သူများအတွက် အရေးပါသည့်ရေနုတ်မြောင်းဖြစ်ပါကြောင်း၊ အဆိုပါရေနုတ်မြောင်းအား စိုက်ပျိုးမြေများရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေးအတွက် လွန်ခဲ့သည့် နှစ် ၃၀ ခန့်က ဌာနမှတူးဖော်ခဲ့ပြီး ယခုအခါရေနုတ်မြောင်းဖျားရှိ စစ်တောင်းမြစ်အတွင်း မြစ်ကြောင်းပြောင်းလဲပြီး သဲသောင်များပေါ်ထွန်းလာသဖြင့် ရေစီးဆင်းနိုင်မှုနှင့်ရေထုတ်နုတ်နိုင်မှုတို့အားနည်းလာသည်ကို တွေ့ရှိရပါကြောင်း။

ရေနုတ်မြောင်းအတွင်းစီးဆင်းသောရေပမာဏကို လုံလောက်စွာထုတ်နုတ်နိုင်ရန်အတွက် သောင်အတွင်း ရိုးချောင်းကို အလျား ၄ ဒသမ ၅၀ မိုင်၊ အကျယ် ပေ ၃၀ နှင့်အနက် ၈ ပေတူးဖော်ရန်လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ သနပ်ပင်မြို့နယ် ကျေးရွာအုပ်စု ၇ စုရှိ မိုးစပါးများ ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရန်အတွက် သောင်အတွင်း တိမ်ကောနေသည့် ရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စု အတွင်းၡိ ကျောက်နီချောင်း သံကူကွန်ကရစ် ရေတားတမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုအနီး ကျောက်နီချောင်းပေါ်တွင် ခိုင်မာသောသံကူကွန်ကရစ်ရေတားတမံ(ရေလွှဲဆည်)တည်ဆောက်ခြင်းအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်းရန်ပုံငွေ)မှ ငွေကျပ်သိန်း ၆၅၀၀ ခွဲဝေရရှိခဲ့ပါကြောင်း၊ အဆိုပါအချိန်ကာလသည် ကိုဗစ်ကာလဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရန်ခက်ခဲခြင်း၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ခက်ခဲခြင်းတို့ကြောင့် ရန်ပုံငွေပြန်လည်အပ်နှံခဲ့ရပါကြောင်း။

သို့သော် ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စု ကျောက်နီချောင်းပေါ်တွင် သံကူကွန်ကရစ်ရေတားတမံ(ရေလွှဲဆည်) တည်ဆောက်နိုင်ရေးအတွက် မြေပြင်အခြေအနေပြောင်းလဲမှုများကို ကွင်းဆင်းတိုင်းတာခြင်း၊ အကြိုစူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံပြန်လည်စိစစ်တွက်ချက်ခြင်းနှင့် ခန့်မှန်းခြေစာရင်းပြန်လည်တွက်ချက်ခြင်းများဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေရှိပါက လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ရန်ပုံငွေအား နီးစပ်ရာဘဏ္ဍာရေးနှစ်တိုင်းဒေသကြီးရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ ဆူးဖြူကန်-တောင်ဘို၊ သပြေရိုးကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းသို့သွားလာသည့် ရိုးကူးတံတားကြီး၊ ပဲနံ့သာရွာနှင့် ရွှေတောင်ရွာ ဆက်သွယ်သော ရိုးကူးတံတားနှင့် ကံကြီးကျေးရွာနှင့် ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းကိုဆက်သွယ်သော လမ်းပေါ်ရှိ ရိုးကူးတံတားများအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဝမ်းတွင်းမြို့နယ် ပဲနံ့သာရွာ-ရွှေတောင်ရွာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရိုးကူးတံတား ပေ ၁၃၀ နှင့် ကံကြီးကျေးရွာနှင့်ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းမကြီး ဆက်သွယ်သည့်လမ်းပေါ်ရှိ ရေကျော်တံတားတို့အား ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆူးဖြူကန်-တောင်ဘို-သပြေရိုးကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းမသို့ ချိတ်ဆက်သည့် လမ်းပေါ်ရှိ ရိုးကူးတံတား ပေ ၈၀ အား ကွန်ကရစ်တံတားအဖြစ် မြှင့်တင်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုမှုနှုန်း လက်ရှိလိုအပ်မှုတို့ကိုဦးစားပေးရွေးချယ်မှုအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် အိမ်ရှေ့တောင်ရွာနှင့် ခရတုတ်ရွာအကြားရှိ ပန်းလောင်မြစ်ကူးတံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြစ်သားမြို့နယ် ပန်းလောင်မြစ်ကူးတံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော တံတားဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော အလျားပေ ၁၅၀၊ အကျယ် ၅ ပေ၊ အမြင့် ၁၅ ပေရှိသော ဆိုင်ကယ်ကူးကြိုးတံတားဖြစ်ပါကြောင်း။

အဆိုပါတံတားအား ကွန်ကရစ်တံတားအသစ် တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၁၃၂၀ ကုန်ကျမည်ဖြစ်ပြီး ကျေးလက်နေပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ်မူတည်၍ ကြိုးတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှသာ တိုင်းဒေသကြီးရန်ပုံငွေလျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **မင်းတုန်းမြို့နယ်ရှိ မင်းတုန်း၊ ဘူးတောင်-ပုသိမ်-မုံရွာ ကားလမ်းမကြီးနှင့်ဆက်သွယ်သည့်လမ်းအား အဆင့်မြှင့်တင်ခြင်း၊ သွေးကျောက်ချောင်းတံတား၏ချဉ်းကပ်လမ်းအား မြေထိန်းနံရံတည်ဆောက်ခြင်း၊ Box Culvert(၁)စင်း တည်ဆောက်ခြင်းတို့အား ခွင့်ပြုပေးပါရန်သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းတုန်းမြို့နယ် မင်းတုန်း-ဘူးတောင်-ပုသိမ်-မုံရွာဆက်သွယ်ရေးလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်း အရှည် ၃ မိုင် ၄ ဖာလုံရှိသည့် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းဦးစီးဌာနပိုင် ပုသိမ်-မုံရွာလမ်းနှင့် ချိတ်ဆက်ထားသည့် ပထမဦးစားပေး အဆင့်ကတ္တရာလမ်းဖြစ်ပါကြောင်း၊ ၎င်းလမ်းအား ကတ္တရာခင်းခြင်းဆောင်ရွက်ထားသည်မှာ နှစ်ကာလကြာမြင့်နေခြင်း၊ အချို့နေရာများတွင် နှစ်စဉ်ရေလွှမ်းမိုးမှုခံရသဖြင့် များစွာ ပျက်စီးနေခြင်းတို့ကြောင့် ယခုအချိန်တွင် ယာဉ်သွားလာမှုခက်ခဲလျက်ရှိပြီး ရေလွှမ်းမိုးမှုဒဏ်ကြောင့် ကတ္တရာလမ်းများပြင်ဆင်ရန်၊ မြေထိန်းနံရံနှင့် Box Culvert တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပျက်စီးနေသော ကတ္တရာလမ်းအား နှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် သွေးကျောက်ချောင်းတံတား၏ ချဉ်းကပ်လမ်းအား မြေထိန်းနံရံတည်ဆောက်ခြင်း Box Culvert (၁) စင်းတည်ဆောက်ခြင်းလုပ်ငန်းများမှာ ယခုအခါနယ်မြေလုံခြုံရေးအခြေအနေအရ လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မင်းရွာ-လယ်ပြင်စုရွာ-လိပ်ချောင်းရွာ-ရိုးကြီးရွာများသို့ ကျေးရွာချင်းဆက်လမ်းနှင့်လယ်ပြင်စုရွာ-မိုးကြိုးပစ်ရွာ-သာယာကုန်းကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မော်ဘီမြို့နယ် မင်းရွာ-လယ်ပြင်စုရွာ-လိပ်ချောင်းရွာ-ရိုးကြီးရွာများသို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအရှည်ဆက်သွယ်သောလမ်းမှာ ၄ မိုင် ၅ ဒသမ ၃၉ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျောက်လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါကျောက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၃၉၃၀ ဒသမ ၄၃၇ သန်း ကုန်ကျမည်ဖြစ်ပြီး ၁ မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ခန့်မှန်းငွေကျပ် သန်း ၈၆၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၁ မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အလားတူ မော်ဘီမြို့နယ် လယ်ပြင်စုရွာ – မိုးကြိုးပစ်ရွာ – သာယာကုန်းရွာများသို့ ဆက်သွယ်သောလမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအရှည် ၂ မိုင် ၇ ဒသမ ၈ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ကတ္တရာလမ်း အရှည် ၆ ဒသမ ၂၃ ဖာလုံနှင့် ကျန် ၂ မိုင် ၁ ဒသမ ၅၇ ဖာလုံမှာ ကျောက်လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်အခြေအနေအရ အဆိုပါ ကတ္တရာလမ်းပိုင်းတွင် ယာဉ်များသွားလာမှုများသဖြင့် ကတ္တရာအပွန်းခံလွှာပျက်စီးနေပြီး ကျောက်ချောလမ်းပိုင်းတွင် ချိုင့်ခွက်များဖြစ်ပေါ်လျက်ရှိပါကြောင်း။

လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်၍ ကတ္တရာလမ်းပိုင်း ၆ ဒသမ ၂၃ ဖာလုံအား ထပ်ပိုးလွှာခင်းခြင်းနှင့် ကျန်အပိုင်း ၂ မိုင် ၁ ဒသမ ၅၇ ဖာလုံ ကျောက်လမ်းအား ကျောက်လမ်းအနိမ့်အမြင့် ဖြေညှိခြင်းနှင့် အပွန်းခံလွှာခင်းခြင်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **“မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် မူဝါဒများချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် “အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်”တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို”**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လပွတ္တာ မဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ**က မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိပြီးသော အချက်အလက်များသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများချမှတ်ခြင်းနှင့်စီမံကိန်းများရေးဆွဲခြင်းတို့အတွက်အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်သော သော့ချက်များဖြစ်ကြောင်း၊ ယင်းအချက်အလက်များသည် နိုင်ငံတော်အတွက် မူဝါဒများ၊ မဟာဗျူဟာစီမံကိန်းများရေးဆွဲခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများမြှင့်တင်နိုင်ခြင်း၊ အခြေခံအဆောက်အအုံနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်၊ စီးပွားရေး၊ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍကြီးတို့တွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေအသုံးပြုရမည့် အရေးပါဆုံးအချက်အလက်အရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၊ သန်းခေါင်စာရင်းပါအချက်အလက်များအား ကိုးကားအခြေပြု၍ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲခြင်းတို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြားပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်နှင့် အကောင်အထည်ဖော်မှု သွက်လက်မြန်ဆန်စေရန် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊ တွန်းအားပေးခြင်းကို ဆောင်ရွက်မည့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်သည်ဟု သုံးသပ်ရပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

**သာပေါင်း မဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး**က စာရင်းအင်းအချက်အလက်များရရှိခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လိုအပ်သည့်နေရာများတွင် ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ လျှပ်စစ်နှင့် ရေပေးဝေရေးစီမံကိန်းများကို မှန်ကန်စွာချမှတ်နိုင်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို လိုအပ်ချက်အလိုက်ထိရောက်စွာခွဲဝေသုံးစွဲနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့်လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များကို ပိုမိုတိကျစွာဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို ပိုမိုကောင်းမွန်စွာစီမံနိုင်ခြင်း၊ ရေရှည်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အချက်အလက်အခြေပြုနည်းလမ်းဖြင့် ရေးဆွဲနိုင်ခြင်း၊ ဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူရနိုင်ခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြေခံအဆောက်အအုံစီမံကိန်းများတွင် အရင်းအမြစ်များကို ပိုမိုထိရောက်စွာခွဲဝေသုံးစွဲနိုင်ခြင်း၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်ခြင်း၊ Sustainable Development Goals(SDGs) အကောင်အထည်ဖော်ရာတွင်အထောက်အကူဖြစ်စေခြင်း၊ E-Government နှင့်ချိတ်ဆက်နိုင်သည့် Data စနစ်များတည်ဆောက်နိုင်ခြင်း၊ AI ၊ GIS နှင့် Big Data နည်းပညာများကို အသုံးပြုလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောက်တန်း မဲဆန္ဒနယ်မှ ဦးနိုင်ဝင်း**က နိုင်ငံတော်အဆင့် ဦးဆောင်ကော်မရှင်ဖွဲ့စည်းနိုင်ပါက လူဦးရေ၊ ကျားမ၊ Gender အုပ်စု၊ မသန်စွမ်းအရေအတွက် အိမ်အကြောင်းအရာများ သစ်သားအိမ်၊ တိုက်အိမ်၊ ဝါးတဲအိမ်၊ ဓနိမိုး၊ ထရံကာစသည်ဖြင့်ကောက်ယူပြီး ကိန်းဂဏန်းများအပေါ်မူတည်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော မဟာဗျူဟာ၊ နည်းဗျူဟာ(Plan)များ ကောင်းမွန်စွာ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ပဲခူး မဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်** က နိုင်ငံတိုးတက်လာအောင်၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးလာအောင်၊ အလုပ်အကိုင်များ ရရှိလာအောင် မည်သို့ မဟာဗျူဟာမြောက် အစီအမံများရေးဆွဲမည်၊

**စာမျက်နှာ ၇ သို့** ❒

# စည်းနဲ့ ကမ်းနဲ့

**လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမဥ္စကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)



## နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်



နေပြည်တော် ဇူလိုင် ၁၆

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme– UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Norimasa Shimomura အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁)၌ လက်ခံတွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် UNDP အနေဖြင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services – UNOPS) ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ UNOPS နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ



## ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနည်းလမ်းများနှင့် သီးနှံစုံစိုက်ပျိုးခြင်းလုပ်ငန်းများပိုမိုတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မည်



နေပြည်တော် ဇူလိုင် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနည်းလမ်းများနှင့် သီးနှံစုံစိုက်ပျိုးခြင်းလုပ်ငန်းများ ပိုမိုတိုးတက်စေရေးပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနနှင့် UNOPS တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)ဆိုင်ရာ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ UNOPS–LIFT အစီအစဉ်ဖြင့် ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ဆောင်ရွက်ရန် UNOPS နှင့်ညှိနှိုင်းထားသည့် (Final Work Plan, 2026–2028)အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဖြစ်သည့် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော အလေ့အကျင့်ကောင်းများနှင့် ဈေးကွက်မြှင့်တင်ရေး၊ ထုတ်ကုန်ဈေးကွက်ပူးပေါင်းဆောင်ရွက်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

## ၁၆-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၀˚c |
| မန္တလေး | ၂၇˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်များထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်တို့နှင့်အတူ ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားသည်။

ထို့နောက် MEVM မဲပေးစက်များ ထိန်းသိမ်းထားရှိသည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်ပါ အချက်များဖြစ်သော အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ထားသိုခြင်း၊ စက်များထားရှိသည့်အခန်းအား လေဝင်လေထွက်ရှိစေရေးဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မိုးရာသီတွင် ရေစိုပျက်စီးမှု၊ စိုထိုင်းဆကြောင့် စက်များထိခိုက်မှုမရှိစေရေး၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဘက်ထရီများ စနစ်တကျထားသိုရေး အလေးထားဆောင်ရွက်ရန်နှင့် ပုံမှန်စစ်ဆေးခြင်းများ အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သော စက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက် ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၀ | ၃၃၅၀ | ၃၃၁၀ | ၃၁၂၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၅ | ၃၂၉၀ | ၃၆၁၅ | ၃၆၅၀ | ၃၃၁၀ | ၃၄၃၅ | ၃၃၈၅ | ၃၃၅၅ | ၃၃၇၀ | ၃၆၁၀ |
| 95 Ron | ၃၂၈၅ | ၃၄၂၅ | ၃၃၈၅ | ၃၃၀၀ | ၃၄၃၀ | ၃၄၄၅ | ၃၄၇၀ | ၃၃၆၅ | ၃၆၉၀ | ၃၇၂၅ | ၃၃၈၅ | ၃၅၀၀ | ၃၄၇၀ | ၃၄၃၀ | ၃၄၄၅ | ၃၆၈၅ |
| HSD (500 ppm) | ၃၁၇၅ | ၃၃၀၅ | ၃၂၆၅ | ၃၁၉၀ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၀ | ၃၂၅၀ | - | ၃၅၈၅ | ၃၂၇၀ | ၃၆၆၅ | ၃၃၅၀ | ၃၃၁၀ | ၃၃၂၅ | ၃၅၅၅ |
| HSD (50 ppm) | ၃၈၈၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | ၄၃၀၀ | ၄၃၃၅ | ၃၉၈၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |
| HSD (10 ppm) | ၃၈၈၅ | ၄၀၃၅ | ၃၉၉၀ | ၃၉၁၀ | ၄၀၄၀ | ၄၀၅၅ | ၄၀၈၀ | ၃၉၇၅ | | ၄၃၃၅ | ၃၉၈၅ | ၄၁၄၅ | ၄၀၈၀ | ၄၀၄၀ | ၄၀၅၅ | ၄၂၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၃ | ၃၁၂၇ |
| 95 Ron | ၃၁၀၅ | ၃၂၀၁ |
| HSD (500 ppm) | ၃၀၀၆ | ၃၀၉၆ |
| HSD (50 ppm) | ၃၆၉၅ | ၃၇၉၉ |
| HSD (10 ppm) | ၃၆၉၅ | ၃၇၉၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❐ **စာမျက်နှာ ၄ မှအဆက်**

မည်ကဲ့သို့ အကောင်အထည်ဖော်မည် စသည်ဖြင့် စနစ်တကျပုံဖော်နိုင်မှသာ နိုင်ငံအနာဂတ်ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ထို့အတွက် စနစ်တကျပုံဖော်နိုင်ရန်အတွက်လည်း သီးခြားဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့ (သို့) ကော်မရှင်တစ်ရပ် လိုအပ်ပါကြောင်း၊ လူဦးရေသန်းခေါင်စာရင်းအချက်အလက်များကို စီမံခန့်ခွဲရန် ဖွဲ့စည်းသည့်နိုင်ငံတော်အဆင့်မဟာဗျူဟာကော်မရှင်သည် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်မည်ဆိုပါက အချက်အလက်များအခြေပြုကာ အစီအစဉ်များရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း။

မူဝါဒများချမှတ်ခြင်း၊ မူဝါဒများအကောင်အထည်ဖော်ခြင်းတို့မှာ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် တိတိကျကျတာဝန်ပေးမှသာ ကောင်းမွန်သော အစီအမံများကို ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တန်ဖိုးရှိလှသော မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျထိရောက်စွာစီမံခန့်ခွဲနိုင်ရန် အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်** က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှကောက်ယူရရှိသော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို စနစ်တကျထိရောက်စွာစီမံခန့်ခွဲ၍ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်နိုင်ရန် ဌာနစုံမှ လူပုဂ္ဂိုလ်များပါဝင်သော နိုင်ငံတော်အဆင့်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဆိုလျှင် စာရင်းကောက်ယူမှုမှ ရရှိထားသည့် ကိန်းဂဏန်းအချက်အလက်များကို ထိရောက်စွာ စီမံခန့်ခွဲပြီး နိုင်ငံတော်၏ မူဝါဒများချမှတ်အသုံးပြုခြင်း၊ ဒေသအလိုက်ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲခြင်း၊ ဘတ်ဂျက်နှင့် အရင်းအမြစ်များကို လိုအပ်ချက်အလိုက်ခွဲဝေနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုဖူလုံရေးအစီအစဉ်များရေးဆွဲခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများကို ကြိုတင်ပြင်ဆင်ကာကွယ်ရေးအစီအမံများအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအတွက် နိုင်ငံ၏မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ရေးဆွဲခြင်းများကိုဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်သူများအတွက် အခြေခံကျသည့် အခန်းကဏ္ဍများမြှင့်တင်ရန်ကိစ္စများကိုလည်း ထိမိအောင် လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် လိုအပ်သည့် အခန်းကဏ္ဍ၊ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍ၊ အိမ်ရာနှင့်မြို့ပြဖွံ့ဖြိုးရေးမြှင့်တင်မှုကဏ္ဍ၊ လူငယ်ရေးရာကဏ္ဍများနှင့် စပ်လျဉ်း၍မူဝါဒရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းငွေ** က လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍(လူမှုရေး၊ စီးပွားရေး)ကိန်းဂဏန်းများအရ အလုပ်လက်မဲ့လျှော့ချရေးစီမံချက်များ ချမှတ်နိုင်ခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီနိုင်ခြင်း လုပ်ငန်းစဉ်အခြေခံလူတန်းစားများအတွက် ဆင်းရဲနွမ်းပါးမှုပပျောက်နိုင်ရေး၊ ကုန်ဈေးနှုန်းထိန်းညှိနိုင်ရေး မဟာဗျူဟာစီမံကိန်းချမှတ်ရန်လိုပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် အမျိုးသမီးများအား စာရင်းဇယားစစ်တမ်းအရ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့်အခါ နိုင်ငံအတွက် လိုအပ်လျက်ရှိသော အခန်းကဏ္ဍများတွင် စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က ကော်မရှင်တစ်ရပ်ဖွဲ့စည်းနိုင်ပါက ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးဦးရေ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအရွယ် ကျောင်းသားဦးရေ၊ ကျောင်းပြင်ပအရွယ်ရောက်နေသောကလေးဦးရေ၊ ဆရာ၊ ဆရာမ လိုအပ်ချက်၊ စာသင်ခန်းနှင့်ကျောင်းဆောင်လိုအပ်ချက်တို့ကို စနစ်တကျ ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံစာရင်းကို အခြေခံထားသည့်အတွက် ကျောင်းနေအရွယ်ကလေးစာရင်းကောက်ယူထားရှိပါက ကျောင်းအပ်နှံရန်ကျန်သူစာရင်းကို အတိအကျသိရှိလျှင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှဝိုင်းဝန်း၍ စာသင်ကျောင်းအရောက်ပို့ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံ KG + 9 အခမဲ့သင်ကြားခွင့်ရရှိပြီး ပညာရေးရည်မှန်းချက်အောင်မြင်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် မွေးစာရင်း၊ သေစာရင်း အသက်အုပ်စုအလိုက် လူဦးရေ ကိုယ်ဝန်ဆောင်မိခင်ဦးရေ သက်ကြီးရွယ်အိုဦးရေ၊ မသန်စွမ်းသူဦးရေ သိရှိနိုင်ပါက ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဝန်ထမ်းများခန့်ထားရေးနှင့် ဆေးဝါးဖြန့်ဖြူးရေးတို့ကို အမှန်တကယ်လိုအပ်သည့်ဒေသများသို့ ထိရောက်စွာ စီမံနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ပြောင်းရွှေ့ဝင်ထွက်မှုများနှင့် လူဦးရေပြောင်းလဲမှုအခြေအနေများကို စဉ်ဆက်မပြတ် မွမ်းမံထိန်းသိမ်းထားနိုင်ပါက ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများ၊ လူမှုကူညီရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှု လူဦးရေစာရင်းအချက်အလက်များကို စနစ်တကျထိန်းသိမ်းခြင်း၊ သက်ဆိုင်ရာဌာနများအကြားပူးပေါင်းဆောင်ရွက်စေခြင်း၊ လိုအပ်သည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မွမ်းမံနိုင်စေခြင်း၊ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုစေသည့် အစီရင်ခံစာများ ပြုစုတင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ လူဦးရေစာရင်းကောက်ယူရာတွင် အသုံးပြုခဲ့သော အချိန်၊ လူအင်အားနှင့် ဘဏ္ဍာငွေတို့၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိနိုင်မည်ဖြစ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

**ပင်လောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းရီရီဝင်း** က အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ပါက လူဦးရေပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ အိမ်ရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို အထောက်အထားအခြေပြုနည်းလမ်းဖြင့် ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကလေးသူငယ်များ၊ လူငယ်များ၊ အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူများနှင့်သက်ကြီးရွယ်အိုများ၏ အချိုးအစားပြောင်းလဲလာမှုကို ကြိုတင်သုံးသပ်နိုင်ခြင်းကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုဖူလုံရေးစနစ်များကို ရေရှည်မျှော်မှန်းချက်ဖြင့် စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီမံကိန်းများရေးဆွဲရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ယခုအဆိုသည်အချိန်နှင့့်လျော်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် အဆိုတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်**က မြန်မာနိုင်ငံသည် လူဦးရေအလွန်အမင်းများပြားသော အိမ်နီးချင်းနိုင်ငံများ၏ အကြား တည်ရှိနေသဖြင့် ကာကွယ်ရေး၊ လုံခြုံရေးနှင့် လူဦးရေဆိုင်ရာ စီမံခန့်ခွဲမှုမူဝါဒများကို မဟာဗျူဟာမြောက်ချမှတ်ရန် လိုအပ်ပါကြောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်သည် စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို အဓိကထား ဦးတည်သော်လည်း ယခုအဆိုပြုသည့်ကော်မရှင်သည် ရရှိလာသောအချက်အလက်များကို အခြေခံ၍ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် လူဦးရေမူဝါဒများကို မဟာဗျူဟာမြောက် ပြောင်းလဲချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် လက်ရှိကာလအတွက်သာမကဘဲ နောင်လာမည့်ဆယ်စုနှစ်များစွာအထိ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို သိပ္ပံနည်းကျကျကြိုတင်ဗျူဟာခင်းကာကွယ်ပေးမည့် နိုင်ငံတော်အဆင့်မျှော်မှန်းချက်ကြီးဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လှိုင်သာယာမဲဆန္ဒနယ်မှ ဦးအေးချမ်း**က လူဦးရေသန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်မှ ငွေအင်အား၊ လူအင်အား၊ အချိန်အင်အားများစွာ သုံးစွဲပြီးမှရရှိလာခြင်းဖြစ်ပါကြောင်း၊ အလွန်အဖိုးတန်လှသော အချက်အလက်များကို စာအုပ်ပေါ်တွင်သာရိုက်နှိပ်ထားပြီး အပြင်လက်တွေ့တွင် အသုံးမပြုပါက မိမိတို့နိုင်ငံသည်ကမ္ဘာ့နိုင်ငံများအလယ်တွင် အစဉ်အမြဲ နောက်ကနေရမည်ဖြစ်ပါကြောင်းအဆိုအားထောက်ခံဆွေးနွေးသည်၊

ထို့ပြင် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၊ ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နိုင်နှင့် မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းတို့ကအဆိုနှင့်စပ်လျဉ်း၍ ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း က လူဦးရေဆိုင်ရာမူဝါဒများ ရေးဆွဲရာတွင် မိမိတို့နိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး အနေတော်လူဦးရေ၊ မိမိနိုင်ငံ၏သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသအလိုက်လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိလူဦးရေတိုးနှုန်း၊ မွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြောင်းရွှေ့နှုန်း၊ မျှော်မှန်းသက်တမ်းတို့နှင့်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံများ၏လူဦးရေသိပ်သည်းမှု၊ ပျံ့နှံ့နေထိုင်မှုနှင့် နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးအင်အားလိုအပ်ချက်တို့သည်လည်း ထည့်သွင်းစဉ်းစားသုံးသပ်ရမည့်အချက်များ ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်မည့် လူဦးရေမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ လူဦးရေမူဝါဒနှင့်ဆက်နွှယ်သည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၌ လူဦးရေမူဝါဒရေးဆွဲနိုင်ခြင်းမရှိသေးသော်လည်း လူဦးရေမူဝါဒနှင့်ဆက်နွှယ်သည့် အစီအစဉ်များအဖြစ် မိသားစုစီမံကိန်းချမှတ်နိုင်ရေးအသိပညာပေးအစီအစဉ်များ၊ သားဆက်ခြားရေးအသိပညာပေးနှင့် ဝန်ဆောင်မှုပေးခြင်းအစီအစဉ်များ၊ ကျား/မ တန်းတူညီမျှမှုရရှိရေး အသိပညာပေးအစီအစဉ်များ၊ သက်ကြီးရွယ်အိုထောက်ပံ့ပေးခြင်းအစီအစဉ်များ၊ ပြည်တွင်းအလုပ်အကိုင်ရရှိရေးနှင့်ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာအစီအစဉ်များကို သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာပြောင်းလဲမှုများ နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန် ရည်ရွယ်၍ သန်းခေါင်စာရင်းများကို စဉ်ဆက်မပြတ်ကောက်ယူခဲ့ပါကြောင်း။

နောက်ဆုံးသန်းခေါင်စာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် စာရင်းကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၁၅၂ မြို့နယ်ကို ရာနှုန်းပြည့်စာရင်းကောက်ယူနိုင်ခဲ့ပါကြောင်း၊ တစ်စိတ်တစ်ဒေသ စာရင်းကောက်ယူနိုင်ခဲ့သော မြို့နယ် ၁၂၀ ရှိပြီး မြို့နယ်လုံးကျွတ်သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် မြို့နယ် ၅၈ မြို့နယ်ရှိပါကြောင်း၊ စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၃၇ သန်းတွင် ၃၂ ဒသမ ၁၈ သန်းကိုသာ စာရင်းကောက်ယူနိုင်ခဲ့ပြီး ၁၉ ဒသမ ၁၉ သန်းမှာ Earth Remote Sensing (ERS)နည်းပညာအသုံးပြုခန့်မှန်းထားသော လူဦးရေဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းကောက်ယူရရှိမှုအခြေအနေကို တင်ပြရမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့သည် ၁၀၀ ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးသည် ၈၇ ဒသမ ၁ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးသည် ၇၀ ဒသမ ၆ ရာခိုင်နှုန်း၊ မွန်ပြည်နယ်သည် ၇၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များသည် ၇၀ ရာခိုင်နှုန်းပြည့်မီရန် အနည်းငယ်လိုအပ်သောကြောင့် မူဝါဒရေးဆွဲသူများ၊ စီမံကိန်းရေးဆွဲသူများနှင့် သုတေသီများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်သော်လည်း မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အခြားသောဌာနဆိုင်ရာများမှ အချက်အလက်များနှင့် ပေါင်းစပ်အသုံးပြုသင့်ပါကြောင်း။

အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် လူဦးရေမူဝါဒများချမှတ်အကောင်အထည်ဖော်ရာတွင် တစ်မျိုးသားလုံးလွှမ်းခြုံမှုရှိရမည်ဖြစ်သော်လည်း ၅၈ မြို့နယ် သန်းခေါင်စာရင်းကောက်ယူရန်ကျန်ရှိနေခြင်း၊ အခြေခံလိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များသည် အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လိုအပ်ချက်များရှိနေသောကြောင့် အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်ဖွဲ့စည်းရေးအဆိုကို ထောက်ခံပါကြောင်းနှင့် လတ်တလောတွင် အချက်အလက်များပြည့်စုံစွာ မရရှိသေးသောကြောင့် ဖွဲ့စည်းရန်အချိန်အခါမသင့်သေးသဖြင့် အဆိုအားမှတ်တမ်းတင်ထားသင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျောင်းကုန်းမဲဆန္ဒနယ်မှဒေါက်တာထိန်ဝင်းတင်သွင်းသည့် **စာမျက်နှာ ၈ သို့** ❐

❒ စာမျက်နှာ ၇ မှအဆက်

အဆိုနှင့်စပ်လျဉ်း၍ ယခုတင်သွင်းခဲ့သည့် အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက အလေးအနက်ထား ထောက်ခံဆွေးနွေးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လူဦးရေစာရင်းဇယားများ အမြန်ဆုံးပြည့်စုံအောင်ကြိုးပမ်းဆောင်ရွက်ရန်နှင့် လတ်တလောကာလတွင် အဆိုကိုထောက်ခံကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ကို လွှတ်တော်ကမှတ်တမ်းတင်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင့်လွင်က စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# အိန္ဒိယနိုင်ငံက ပုသိမ်စက်မှုဇုန်၌ ပဲပုပ်ဆီကြိတ်စက်ရုံတည်ဆောက်၍ စားသုံးရန်အသင့် ပဲပုပ်ဆီများ ထုတ်လုပ်ဖြန့်ဖြူးမည်

နေပြည်တော် ဇူလိုင် ၁၆

အိန္ဒိယနိုင်ငံက ပုသိမ်စက်မှုဇုန်၌ SOYBEAN MEAL & SOYBEAN OIL EXTRACTION AND REFINERY ပဲပုပ်ဆီကြိတ်စက်ရုံ တည်ဆောက်၍ စားသုံးရန်အသင့် ပဲပုပ်ဆီများ ထုတ်လုပ်ပြီး ပြည်တွင်း၌ ဖြန့်ဖြူးသွားမည်ဖြစ်ရာ ပဲပုပ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံရှိ Green Rise Company Limited နှင့် အိန္ဒိယနိုင်ငံရှိ Super Power Trading Company Private Limited တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော မတ်ပဲ (Raw) များကို ဝယ်ယူကြိတ်ခွဲသန့်စင်မှုများပြုလုပ်ကာ ထွက်ရှိသော Black Matpe (SQ, FAQ)များကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချခြင်းနှင့် ငါးအစာကုန်ကြမ်းဖြစ်သော ပဲပုပ်ဖတ် (Soybean Meal) များကို တင်သွင်းပြီး ငါးအစာတောင့်များထုတ်လုပ်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးကန်များသို့ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် ဇူလိုင်လ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သော နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြပွဲမှ အဆိုပါအချက်အလက်များ သိရှိရခြင်းဖြစ်သည်။

ထို့ပြင် မတ်ပဲ တစ်လလျှင်တန်ချိန် ၂၀၀၀၀ ခန့်၊ တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းခန့်နှင့် အခြားဒေသထွက်ကုန်ပစ္စည်းများကို ပုသိမ်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ချန်နိုင်းဆိပ်ကမ်းသို့ တင်ပို့သွားမည်ဖြစ်ပြီး စီမံကိန်းမတည်ရင်းနှီးငွေ၊ လုပ်ငန်းစတင်မည့်ကာလ၊ ပို့ကုန်ရငွေ၏ ၅၀ရာခိုင်နှုန်းတန်ဖိုးရှိ ပြည်တွင်းလိုအပ်ချက်ရှိသော အိန္ဒိယနိုင်ငံထွက်ကုန်များကို ပြန်လည်တင်သွင်းမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ကိုရီးယားသမ္မတနိုင်ငံရှိ S.J. Bio ကုမ္ပဏီက မြန်မာအလုပ်သမား ၅၀ ကျော် ခန့်အပ်ထားရှိကာ ထပ်မံခန့်အပ်ရန်လည်းလုပ်ဆောင်လျက်ရှိ

ဆိုး ဇူလိုင် ၁၆

ကိုရီးယားသမ္မတနိုင်ငံ ဆယ်ဂျုံးမြို့ရှိ S.J. Bio ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်မှစတင်၍ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သို့ အလှကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် တရုတ်နှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့မှုအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာရှဈေးကွက်သို့ ဝင်ရောက်ရာတွင် မြန်မာနိုင်ငံနှင့် အဓိကလုပ်ဆောင်ရန် ရည်မှန်းထားကြောင်း၊ ကုမ္ပဏီသည် ကိုရီးယားနိုင်ငံ၏ နံပါတ်(၁)အလှကုန်ပစ္စည်းထုတ်လုပ်သည့် Kolmar ပစ္စည်းများကို ဒုတိယအများဆုံးထုတ်လုပ်ပေးသည့်ကုမ္ပဏီလည်းဖြစ်ပြီး ကိုယ်တိုင် Brand များကိုလည်း ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် Mask ကို စတင်ထုတ်လုပ်ခဲ့ပြီး ကိုဗစ်ရောဂါဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံသို့ ဝမ်သိန်း ၁၀၀၀ ဝန်းကျင်တန်ဖိုးရှိ Mask များကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာလူမျိုးများ၏ ကြိုးစားမှု၊ ရိုးသားမှု၊ လေ့လာအားကောင်းမှု၊ တတ်ကျွမ်းလွယ်မှု စသည့်အရည်အချင်းများကို အသိအမှတ်ပြုပြီး လက်ရှိအချိန်တွင် စက်ရုံ၌ မြန်မာအလုပ်သမား ၅၀ ကျော် ခန့်အပ်ထားရှိကာ ထပ်မံခန့်အပ်ရန်လည်း လုပ်ဆောင်လျက်ရှိကြောင်းနှင့် အလုပ်သမားများအတွက်ရပိုင်ခွင့်များကိုလည်း တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာသံရုံး ဆိုးမှ သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်နှင့် မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဝင့်သူတို့သည် ဇူလိုင်လ ၁၄ ရက်က S.J.Bio စက်ရုံသို့သွားရောက်လေ့လာခဲ့ပြီး စက်ရုံရှိမြန်မာနိုင်ငံသား ၅၀ ကျော်အားတွေ့ဆုံ၍ သံရုံးယာယီတာဝန်ခံ/သံအမတ်ကြီးက မြန်မာနိုင်ငံသားများ၏ ကြိုးစားမှု၊ တတ်ကျွမ်းလွယ်မှု၊ စည်းကမ်းကောင်းမှုတို့ကို S.J. Bio Co., Ltd. ၏ CEO Mr. Shin Hang-cheol က ပြောကြားသည်။

၎င်းနောက် ကုမ္ပဏီ CEO က မြန်မာနိုင်ငံသားများအနက် ထူးချွန်သည့်ဝန်ထမ်းသုံးဦးကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး မြန်မာသံရုံးနှင့် စစ်သံရုံးတို့၏ မေတ္တာလက်ဆောင် မြန်မာအစားအစာများကို အလုပ်သမားများထံ တစ်ဦးချင်းစီအတွက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မျိုး**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင်လ ၁၇ ရက်**(ယနေ့)**မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

## ☆ အာဇာနည်နေ့အဓိဋ္ဌာန် ☆

○ အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း
ကြိုးပမ်းလို့ မြန်ပြည်ထောင်။
တိုင်းရင်းသားတွေ ညီညွတ်မှု
ရေးရှုစွမ်းဆောင်။
လွတ်လပ်ရေး ထွတ်ထိပ်ခေါင်
အမှောင်ပယ် အလင်းသို့။
ရောက်ရှိရန် သူကြိုးပမ်း
လမ်းပြသည်မို့။

○ လွတ်လပ်ရန် လမ်းခုလတ်
ကြိုးပြတ်သည့် အရုပ်ပမာ။
အာဇာနည်တွေ ကျဆုံးခြင်း
ရင်တွင်းမကြေသည်သာ။
ဇူလိုင် ၁၉ ရက်ဟာ
မြန်မာတွေ အသည်းထဲ။
နှစ်တွေကြာ ဘယ်မမေ့
လွမ်းငွေ့ဝေဆဲ။

○ နယ်ချဲ့တွေ မရိုးသား
စိတ်ထားက မဖြူစင်ပြီ။
အစည်းအဝေးမှာ အကာကွယ်မဲ့
ထားခဲ့လေသည်။
ဂဠုန်ဦးစော အကြံအစည်
အောင်ခဲ့သည် အဖျက်များ။
ပြည်သူတွေ စိတ်နှလုံး
ညှိုးချုံးကျသွား။

○ နှစ်တွေကြာ ဘယ်မမေ့
လွမ်းတဲ့နေ့ ရောက်လို့လာ။
အာဇာနည်တွေကို အလေးပြု
ကောင်းမှုပြုတာ။
အတိတ်က သင်ခန်းစာ
ယနေ့အခါ ညီညွတ်ရေး။
လွတ်လပ်ရေးကို ကောင်းအောင်ထိန်းလို့
မတိမ်းစေဖို့လေး။

○ အာဇာနည်နေ့မှာ အဓိဋ္ဌာန်ပြု
ပြည်ထောင်စု တည်တံ့ရန်။
တိုင်းရင်းသားတွေ စည်းလုံးမှု
အထူးပြုတွေးကြံ။
ပြည်သူများရဲ့ အားမာန်
နိုင်ငံတော် တိုးတက်ရေး။
ငြိမ်းချမ်းစွာ ညီညွတ်မှုနဲ့
ပြုမူစို့လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်ဇင်ထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်သည့် စံချိန်မီဆီချဆိပ်ကမ်းတစ်ခု အရေးတကြီးလိုအပ်နေသောကြောင့် နိုင်ငံတော်မှ အကောင်အထည်ဖော်တည်ဆောက်ပေးရန်အစီအစဉ်ရှိ မရှိနှင့် မရှိပါက မည်သည့်အခက်အခဲများကြောင့် တည်ဆောက်မပေးနိုင်သည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟုမ္မလင်းမြို့ ဆိပ်ကမ်း၌ ကမ်းပါးနယ်ဇရိယာအတွင်း ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အတွက် ဆိပ်ကမ်းမြေနေရာ ၁၅ နေရာတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြလာမှုများရှိခဲ့ရာ လတ်တလောတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးရုံးအနေဖြင့် ဥပဒေအရ စိစစ်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရရှိပါက ဖော်ပြပါ ဟုမ္မလင်းရှိဆိပ်ကမ်းမြေနေရာ ၁၅ နေရာ၏ မြေနေရာအသုံးပြုခွင့် ကျသင့်အခွန်အခများကိုစစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးသွင်းစေလျက် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များဆိုက်ကပ်နိုင်ရန် ဆိပ်ကမ်းမြေနေရာငှားရမ်းအသုံးပြုခွင့်နှင့် ဆိပ်ခံတံတား တည်ဆောက်ခွင့်အတွက်လူပုဂ္ဂိုလ်/လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းများမှ လျှောက်ထားလာပါက စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် ရေလမ်းဖွံ့ဖြိုးရေးနှင့် မြို့၏ဆိပ်ကမ်းရှေ့တွင် တည်ငြိမ်သော ရေလမ်းဖြစ်ပေါ်စေရေးတို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဟုမ္မလင်းမြို့တွင် ဆီတင်ချအပါအဝင် စံချိန်မီဆိပ်ကမ်းအတွက် ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study) အသေးစိတ်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ (Technical) အရ ဖြစ်နိုင်ခြေရှိ မရှိ၊ ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မှု (Cost and Benefit) သုံးသပ်တွက်ချက်ရန်လိုအပ်ခြင်း၊ ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်ရန် ကုန်ကျစရိတ်များပြားလွန်းသဖြင့် ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းတို့ကြောင့် ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်မည့် စံချိန်မီဆီချဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် လတ်တလောအခြေအနေအရ အစီအစဉ်မရှိသေးပါကြောင်း။

ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်ရန်အတွက် ဆိပ်ကမ်းမြေနေရာ ငှားရမ်းအသုံးပြုခွင့်နှင့် ဆိပ်ခံတံတားတည်ဆောက်ခွင့်ကို လူပုဂ္ဂိုလ်/လုပ်ငန်းရှင်သို့မဟုတ်ကုမ္ပဏီအဖွဲ့အစည်းများမှ လျှောက်ထားလာပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစိစစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ ခွင့်ပြုချက်ဖြင့် ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ရှိ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့်ဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေအပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများကို နိုင်ငံတော်၏အခြားလိုအပ်သည့်နေရာတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့် ဆောင်ရွက်မည့်သူမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆက်လက်ဆောင်ရွက်သွားနိုင်ရေးဌာနအနေဖြင့် နိုင်ငံတော်ထံ မူဝါဒတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နည်းပညာဆိုင်ရာများအနေဖြင့် စီမံကိန်းတည်ရှိရာနေရာတွင် ပြတ်ရွေ့ကြောတည်ရှိမှု၊ ငလျင်လှုပ်ခတ်မှုရာဇဝင်နှင့် မြေမျက်နှာသွင်ပြင်အနေအထားဆိုင်ရာ စိန်ခေါ်မှုအချို့ရှိနေပါကြောင်း၊ စီမံကိန်းနေရာသည် ငလျင်အားပြင်းဇုန်အတွင်း ကျရောက်နေပါကြောင်း၊ သို့ဖြစ်ရာ တမံနှင့် ဆက်နွယ်ရေအားအဆောက်အအုံများကို မြေငလျင်ဒဏ်ခံနိုင်ရန် ဒီဇိုင်းပုံစံအသစ်ပြန်လည်ပြင်ဆင်တွက်ချက်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် စိုက်ပျိုးမြေများကို ဆည်ရေပေးဝေရန်တို့အတွက် ဆက်လက်ဆောင်ရွက်သင့်သည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မြစ်သာမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် နှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်တားဆီးနိုင်ရန်အတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းဧရိယာ တစ်ခုလုံး နယ်မြေအခြေအနေအေးချမ်းတည်ငြိမ်သည့်အချိန်တွင် JV/BOT စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ကုမ္ပဏီများရှိပါက ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိပါကြောင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်ရသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်တစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်း (၁၄)ခုမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲမှ ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနည်းလမ်းများဖြင့် ဘဏ်ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲမှတစ်ဆင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ပုဂ္ဂလိကဘဏ် (၂) ဘဏ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင်ရှိသည့် ပုဂ္ဂလိကဘဏ်(၈) ဘဏ်တို့အပါအဝင် နိုင်ငံတစ်ဝန်းရှိပုဂ္ဂလိကဘဏ်များနှင့်လည်း ချိတ်ဆက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များကို အခက်အခဲမရှိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လစာထုတ်ယူခြင်းနှင့် အငြိမ်းစားလစာထုတ်ယူခြင်းတို့ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲတွင် ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနည်းလမ်းများအပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်ခွဲများရှိ ATM စက်များ၊ မိုဘိုင်းငွေပေးချေမှုတို့ဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ ယခုလတ်တလောအခြေအနေတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲဖွင့်လှစ်ဆောင်ရွက်ပေးရန်မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတောင်သူများ စိုက်ပျိုးစရိတ်ချေးငွေများအားလွယ်ကူစွာရရှိနိုင်ရေးအတွက် တနိုင်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တစ်ခုအား ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက တနိုင်းမြို့နယ်တွင် ဘဏ်ခွဲမရှိသည့်အတွက် တနိုင်းမြို့နယ်မှ တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ အဆင်ပြေစွာရရှိစေရေး မိုးကောင်းမြို့နယ် ဘဏ်ခွဲဝန်ထမ်းများက တနိုင်းမြို့နယ်သို့ သွားရောက်ထုတ်ချေးပေးခဲ့ပါကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် နယ်မြေဒေသအခြေအနေအရ ဝန်ထမ်းများက တနိုင်းမြို့နယ်သို့ သွားရောက်ရန် အခက်အခဲရှိခြင်းကြောင့် တောင်သူများအား မိုးကောင်းမြို့နယ်ဘဏ်ခွဲသို့ လာရောက်စေပြီး ချေးငွေထုတ်ချေးပေးခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဘဏ်ခွဲသို့ ကိုယ်တိုင်လာရောက်၍ ချေးငွေထုတ်ယူရန် အခက်အခဲရှိသည့် တောင်သူများကို ကိုယ်စားလှယ်လွှဲစာဖြင့်လည်း ထုတ်ယူခွင့်ပြုထားပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြို့နယ်ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ရန်အတွက်ဘဏ်နှင့်ဆက်သွယ်သူ (Customer) တောင်သူဦးရေ အနည်းဆုံး (၁၀၀၀) ဦး ရှိရန်လိုပြီး တောင်သူဦးရေပြည့်မီပါက ဘဏ်၏ဖွဲ့စည်းပုံတွင် ထည့်သွင်းရေးဆွဲတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ဘဏ်ခွဲနေရာနှင့် အဆောက်အအုံစီစဉ်ခြင်း၊ ဝန်ထမ်းခန့်ထားဆောင်ရွက်ခြင်း၊ ဘတ်ဂျက်လျာထားတင်ပြခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဘဏ်ခွဲသစ်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တနိုင်းမြို့နယ်အနေဖြင့် မိုးကောင်းမြို့နယ်ဘဏ်ခွဲနှင့်ဆက်သွယ်သူ တောင်သူဦးရေမှာ ၂၀၂၀ ပြည့်နှစ်တွင် အများဆုံး (၃၇၈) ဦးသာရှိပြီး ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေချေးယူသည့်တောင်သူဦးရေမှာ (၁၉)ဦးသာရှိပါကြောင်း၊ သို့ပါ၍ လတ်တလောတွင် တနိုင်းမြို့နယ် ဘဏ်ခွဲဖွင့်လှစ်ရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တနိုင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် တောင်သူများ အဆင်ပြေစွာထုတ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် တရုတ်၊ အိန္ဒိယလွှတ်တော်များချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူပြီး **မြန်မာ-တရုတ်လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀)

**စာမျက်နှာ ၁၀ သို့ ⊃**




တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပစဉ်။

**➲ စာမျက်နှာ ၉ မှအဆက်**

ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဦးအောင်မင်းနိုင်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ **မြန်မာ-အိန္ဒိယ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရခွီဖုန်နှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် တရုတ်၊ အိန္ဒိယ လွှတ်တော်များ ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏အမည်စာရင်းများကိုအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၂ ၏ အခန်း၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ၁၀၆၏ ပုဒ်မခွဲ (က)(ခ)(စ)နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ (က)တို့အား ပြင်ဆင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်က တင်သွင်းရာတွင် ယင်းပုဒ်မများသည် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် သက်ဆိုင်သောဥပဒေပုဒ်မများဖြစ်ကြပါကြောင်း၊ မြေနုကျွန်းမြေပေါ်တွင် စိုက်ပျိုးအသက်မွေးနေကြသော ကိုင်းတောင်သူများသည် တစ်နှစ်လျှင် တစ်ရာသီသာ မြစ်ရေကျချိန်တွင် စိုက်ပျိုး၍ရပြီး မြေနုကျွန်းမြေဖြစ်သောကြောင့် မြေအစိုဓာတ်ခန်းခြောက်မြန်သော မြေအမျိုးအစားဖြစ်ပါကြောင်း၊ တစ်နှစ် တစ်ရာသီ စိုက်ပျိုး၍ရသော အကျိုးအမြတ်ဖြင့် လူမှုစီးပွားဘဝကိုဖြေရှင်းရသဖြင့် မြေနုကျွန်းမြေတွင် စိုက်ပျိုးခွင့်ရရေးသည် ကိုင်းတောင်သူတို့ဘဝဖြစ်ပါကြောင်း၊ မြေနုကျွန်းမြေများ ပိုင်ဆိုင်မှုအာမခံချက်ရရှိရေးနှင့် မြေနုကျွန်းမြေများခွဲဝေရာတွင် လုပ်ငန်းအဆင့်တိုင်း ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရန်အတွက် နည်းဥပဒေပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

နည်းဥပဒေပုဒ်မ (၁၀၃) အရ မူလပြဋ္ဌာန်းချက်တွင် ပြဋ္ဌာန်းထားသောလုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်ဟူသော အချက်သည် မြေနုကျွန်းမြေခွဲဝေရရှိထားသော တောင်သူများ၏ပိုင်ဆိုင်မှုကို ယုတ်လျော့စေပြီး တောင်သူများဘဝ မလုံခြုံမှုကိုဖြစ်စေခြင်း၊ ခွဲဝေရရှိထားသောပိုင်ဆိုင်မှုကိုစွန့်လွှတ်လိုမှုမရှိခြင်း၊ ဥပဒေမလိုက်နာသူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်စေခြင်း၊ နှစ်စဉ်နှစ်တိုင်း ပြန်လည်ခွဲဝေချထားရမည်ဆိုပါက စီမံခန့်ခွဲမှုအလွဲများလည်း ဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် မြေနုကျွန်းမြေများသည်လည်းကောင်း၊ မြေနုကျွန်းမြေသို့မဟုတ် ကမ်းခြေနှင့် ဆက်စပ်၍ပေါ်ထွန်းလာသော မြေနုများသည်လည်းကောင်း အရွယ်အစားအားဖြင့်ဖြစ်စေ၊ တည်နေရာအားဖြစ်စေ၊ ပုံသဏ္ဌာန်အားဖြင့်ဖြစ်စေ ပြောင်းလဲလေ့ရှိသဖြင့် **ပြောင်းလဲ**ပေါ်ထွန်းသောမြေနုကျွန်းမြေ**အသစ်**နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

ပုဒ်မ ၁၀၄ သည် ခွဲဝေချထားပြီးသော မြေနုကျွန်းများသည် တစ်နှစ်တစ်ရာသီအတွက်သာ ယာယီသဘောမျိုးသက်ရောက်နေပြီး ခွဲဝေရရှိထားသောတောင်သူများ၏ ပိုင်ဆိုင်မှုကို အာမခံချက်မရှိသကဲ့သို့ ဖြစ်နေပါသဖြင့် "ရေကျ၍ ပြန်ပေါ်လာချိန်တွင်ပုံသဏ္ဌာန်၊ တည်နေရာများ မပြောင်းလဲသည့် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို မူလလုပ်ပိုင်ခွင့်ရထားသူအား ခွင့်ပြုရပြီး ပြောင်းလဲသွားသော ကျွန်းနုမြေအသစ်များ၏ လုပ်ပိုင်ခွင့်ကို စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ် နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင်ကြိုတင်စီမံထားရမည်"ဟု ဖြည့်စွက်ပြင်ဆင်လိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ (က) မူလပြဋ္ဌာန်းချက်တွင် "ယခင်က လုပ်ပိုင်ခွင့်ချထားပေးခဲ့မှုကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်၊ သို့ရာတွင် ယင်းအချက်ကို အဓိကအခြေခံ၍ သတ်မှတ်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားရှိပါသဖြင့် ယင်းအချက်သည် မူလခွဲဝေရရှိထားသော လုပ်ပိုင်ခွင့်ရသူ တောင်သူ၏ပိုင်ဆိုင်ခွင့်ကို တိကျပြတ်သားသော စကားလုံးများဖြင့် ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် "ရေကျ၍ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများမပြောင်းလဲသည့်မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို ယခင်နှစ်က လုပ်ပိုင်ခွင့်ရထားသူအား လုပ်ပိုင်ခွင့်ပြုရမည်" ဟု ပြင်ဆင်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) မူလပြဋ္ဌာန်းချက်တွင် "မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးဟု သတ်မှတ်သည့် ကျေးရွာမှ စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားပေးရန် ရွေးချယ်ရမည်" ဟု ပြဋ္ဌာန်းထားရှိရာ "မြေနုကျွန်းမြေသစ်နှင့် အနီးကပ်ဆုံးဟုသတ်မှတ်သည့် ကျေးရွာမှ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားပေးရန် ပွင့်လင်းမြင်သာစွာရွေးချယ်ရမည်" ဟု ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ (စ) မူလပြဋ္ဌာန်းချက်တွင် "ရွေးချယ်ထားသည့် တောင်သူလယ်သမား အိမ်ထောင်စုများအား ယင်းတို့၏ကျေးရွာနှင့် နီးစပ်ရာအကွက်များကို မဲစနစ်ဖြင့်ချထားပေးရမည်"ဟု ပြဋ္ဌာန်းထားရှိရာ ဥပဒေတစ်ပိုဒ်လုံးအား "နည်းဥပဒေ (ခ)အရ လုပ်ပိုင်ခွင့်အကျုံးဝင်သူအားလုံး၏ အမည်စာရင်းအား ပွင့်လင်းမြင်သာစွာ စာရင်းပြုစုကြေညာ၍ နည်းဥပဒေခွဲ (င) အရ အမှတ်စဉ်တပ်ပြီးသော မြေနုကျွန်းမြေသစ်များအား **မဲနှိုက်စနစ်ဖြင့် ရွေးချယ်လုပ်ပိုင်ခွင့်ပေးခြင်းတို့အား** လုပ်ငန်းအဆင့်အလိုက် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည်" ဟု ပြင်ဆင်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၁၂ ပုဒ်မခွဲ(က)အား ရှေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော အချက်များနှင့် လိုက်လျောညီထွေစွာ ဖြစ်စေရန်အလို့ငှာ အဆိုပြုပြဋ္ဌာန်းချက်တွင် "မြေခွန်ကိုသာ ထမ်းဆောင်ရမည်"ဟု ပြင်ဆင်သတ်မှတ်လိုပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်သန်းဦးက ထောက်ခံတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇူလိုင်လ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ရထားလမ်းပိုင်းရှိ ဘူတာများ၊ လမ်း၊ တံတားများကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မန္တလေးဘူတာကြီး၌ တိုင်းတာဝန်ခံအရာရှိများနှင့် တွေ့ဆုံပြီး ရထားလမ်းများ၊ တံတားများ၊ ရထားစက်ခေါင်းနှင့်တွဲများအား ကောင်းမွန်စေရေးနှင့် ဘူတာများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျူးကျော်နေအိမ်များရှင်းလင်းရေးတို့ကိုဆွေးနွေးမှာကြားကာ မန္တလေးမှ ရန်ကုန်သို့ထွက်ခွာမည့် အမှတ်(၁၀)အစုန် DEMU ရထားအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောက်ဆည်ဘူတာနှင့် ဘဲလင်းဘူတာကြားရှိ တံတားအမှတ် (၇၇၁) အသစ်ပြန်လည်တည်ဆောက်နေမှု၊ ကျောက်ဆည်ဘူတာသစ် တည်ဆောက်နေမှု၊ ကျောက်ဆည်ဘူတာနှင့် မင်းစုဘူတာကြားရှိတံတားအမှတ်(၇၃၉)အသစ်ပြန်လည်တည်ဆောက်နေမှု၊ စမုံဘူတာနှင့်သပြေတောင်းဘူတာအကြားရှိ တံတားအမှတ် (၆၉၁) ၌ စက်ယန္တရားကြီးများဖြင့် Foundation လုပ်ငန်း၊ မြေထိန်းနံရံဆောင်ရွက်မှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မန္တလေး-လားရှိုး ရထားလမ်းပိုင်းရှိ နောင်ချိုဘူတာ၊ ဝက်ဝံဘူတာနှင့် ဇီးပင်ကြီးဘူတာတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ယူရီးယားနှင့်ကွန်ပေါင်းဓာတ်မြေဩဇာများ ဒေသအလိုက်ဝယ်ယူနိုင်ရေး စီစဉ်ပေးထားကြောင်းတောင်သူများအတွက် သတင်းကောင်း

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ မိုးစပါး၊ ဝါနှင့် မိုးသီးနှံများအတွက် အဓိက သုံးစွဲလျက်ရှိသော ယူရီးယားနှင့်ကွန်ပေါင်းဓာတ်မြေဩဇာများကို ဒေသအလိုက် လုံလောက်စွာ လွတ်လွတ်လပ်လပ်ဝယ်ယူနိုင်ပါကြောင်းနှင့် ဝယ်ယူနိုင်ရေး ဒေသအလိုက် စီစဉ်ပေးထားပါကြောင်း သတင်းရရှိပါသည်။ လိုအပ်သောတောင်သူများသည် ဖုန်းနံပါတ် (၀၉-၆၆၅၄၀၇၈၉၀)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရှိရပါသည်။

## (၁၆-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၈၆၆,၃၆၃.၁၃ | ၁၇,၆၉၈,၄၀၀.၅၁ | ၆၁,၁၅၄,၂၀၄.၇၆ | ၄,၆၇၀,၈၇၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများတင်သွင်းခြင်းတို့အတွက်ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**➪ ကျောဖုံးမှအဆက်**

ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေ၀က်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး





**နေပြည်တော် ဇူလိုင် ၁၆**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အဆောင်( J) ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းက အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဝေါဟာရများ၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင်ပါဝင်သော စာရင်းအမျိုးအစားများ၊ ဘဏ္ဍာရန်ပုံငွေအစီအစဉ်၊ ဘတ်ဂျက်စက်ဝန်း (Budget Cycle)၊ မူဝါဒအပေါ်အခြေခံ၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင်တည်ဆောက်ခြင်း၊ ဘတ်ဂျက်ရေးဆွဲစိစစ်တင်ပြခြင်း၊ ဥပဒေအတည်ပြုပြဋ္ဌာန်းခြင်း၊ ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တာဝန်ပိုင်းခြားဖော်ထုတ်ခြင်း၊ ကြီးကြပ်ခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြဦးက မြန်မာနိုင်ငံ အခွန်စနစ်ဖွဲ့စည်းမှု၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်ဥပဒေများ၊ အခွန်အမျိုးအစားများနှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများ၊ အကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဆီဆိုင်မြို့နယ်မှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာခြောက်ရွာအတွက် အိမ်သုံးဆိုလာ ၇၁၅ စုံ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စုတို့မှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာခြောက်ရွာအတွက် အိမ်သုံးဆိုလာ ၇၁၅ စုံကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခြင်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဒေသခံတိုင်းရင်းသားပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ရှိသည့် အိမ်သုံးဆိုလာမီးများ တပ်ဆင်ပေးရခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ လင်းခေးမြို့ တောင်ရွာရပ်ကွက်၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှု၊ ဒါးဆိပ်-နောင်လုံ-ဝမ်စစ်-ဟိုက်ကွေ့လမ်းမကြီး၌ ပေ ၂၀ ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ဇူလိုင်လ ၁၄ ရက်ကလည်း ပင်လောင်းမြို့နယ် ပင်္ကော-ထီးရွေး-ထီးရယ် မြေသားလမ်း ၃ မိုင် ၃ ဖာလုံအား အမာခံဖြန့်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**




# တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ (၅)ကြိမ်မြောက် နိုင်ငံတကာပြန်ကြားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်မိန့်ခွန်းပြောကြား




**စစ်ဆောင်ပန်းနား ဇူလိုင် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ (၅)ကြိမ်မြောက် နိုင်ငံတကာပြန်ကြားရေးဖိုရမ်ကို ယနေ့ မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် စစ်ဆောင်ပန်းနား ပြည်နယ်ခွဲရှိ InterContinental Xishuangbanna Resort Hotel ခန်းမဆောင်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ ယူနန်ပြည်နယ်ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စဇိန်းယန့်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ကမ္ဘာကြီး၌ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို နိုင်ငံတစ်နိုင်ငံတည်း၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဖြေရှင်းနိုင်ရန် ခက်ခဲလာသဖြင့် နိုင်ငံများအကြားတွင် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးကို ယခုထက်မက ပိုမိုခိုင်မာစေရန် လိုအပ်လာမှုကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေတွင် အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်မှုသည် ကောင်းမွန်သော အနာဂတ်ကို မျှဝေခံစားနိုင်ရန် ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

မကြာမီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏တရုတ်၊ အိန္ဒိယနှင့်လာအိုနိုင်ငံတို့သို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာမှုရရှိနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှု၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို လေးစားမှု၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန်နှင့် တန်းတူညီမျှပြီး အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံကာ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်လက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ပြည်သူများအကြားတွင် ပြည်သူများ ချစ်ကြည်ရင်းနှီးမှုအပြန်အလှန်နားလည်မှုများ ပိုမိုခိုင်မာလာစေရန်အတွက်ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနန်နိုင်ငံတကာဆက်ဆံရေးစင်တာ (YICC)တို့ ပူးပေါင်းပြီး နှစ်စဉ်ဖိုရမ်များကျင်းပပြီး မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများအပြင် နှစ်နိုင်ငံယဉ်ကျေးမှုအနုပညာဆိုင်ရာ ဖလှယ်မှု၊ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက ယူနန်ပြည်နယ်၏ နိုင်ငံတကာ ပြန်ကြားရေးဆိုင်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးမျှဝေကြပြီး တရုတ်ဆင်ခရီးစဉ်အား ကမ္ဘာတစ်ဝန်းသို့မိတ်ဆက်ခြင်းနှင့် တရုတ်ဆင်ရိုင်းများ၏နေရာ၊ ဂေဟဗေဒဆိုင်ရာ ပညာရပ်အစီရင်ခံစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ “ဒီဂျစ်တယ်ခေတ်တွင် နိုင်ငံတကာ ပြန်ကြားရေးဆိုင်ရာ ဆောင်ရွက်မှု၊ ထိရောက်မှု၊ အသွင်ပြောင်းမှုနှင့် ချိတ်ဆက်ညှိနှိုင်းမှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါ နိုင်ငံတကာ ပြန်ကြားရေးဖိုရမ်သို့ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအပြင် အနောက်နိုင်ငံအချို့အပါအဝင် နိုင်ငံပေါင်း ၂၀ မှ မီဒီယာတာဝန်ရှိသူ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ဆောင်ပန်းနား အမျိုးသားဥယျာဉ်ရှိ ဂေဟစနစ်ခရီးသွားလုပ်ငန်းဖြစ်သော ဆင်များသဘာဝဘေးမဲ့တော(Wild Elephant Valley) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်၊ မြန်မာနှင့်လာအိုနိုင်ငံနယ်စပ်ရှိ မဲခေါင်မြစ်(လန်ချန်းမြစ်)၏ မြစ်ကမ်းပါးရှိ ကွမ်းလေးဆိပ်ကမ်း(Guanlei Port) သို့ သွားရောက်လေ့လာကြသည်။

တရုတ်-လာအို-မြန်မာ-ထိုင်းနိုင်ငံတို့အကြား မဲခေါင်မြစ် ရေကြောင်းသယ်ယူပို့ဆောင်ရေး၏ အရေးကြီးသော ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါသော ရေလမ်းကြောင်းဗဟိုချက်တစ်ခုဖြစ်ကြောင်း၊ တစ်နှစ်လျှင် ကုန်စည်တန်ချိန် ၁၅၀၀၀၀ ကျော်နှင့် ခရီးသည် တစ်သိန်းကျော်ကို ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည့်ကုန်းတွင်းပိုင်းရေကြောင်းဆိပ်ကမ်း (Inland Waterway Port) အမျိုးအစားဖြစ်ကြောင်း၊ ဆိပ်ခံတံတားတွင် စက်မှုကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် အာဆီယံမှ တင်သွင်းလာသည့် လတ်ဆတ်သော လယ်ယာထွက်ကုန်၊ သစ်သီးဝလံများကို ခေတ်မီကရိန်းကြီးများဖြင့် လျင်မြန်စွာ ကုန်တင်ကုန်ချပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**မြဝတီ**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီအစည်းအဝေးကျင်းပ



ရန်ကုန်　ဇူလိုင် ၁၆

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကောင်စီ(၁/၂၀၂၆)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ကောင်စီနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကောင်စီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တက္ကသိုလ်ကောင်စီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီနာယက ပါမောက္ခချုပ်ဆရာတော်က ဩဝါဒကထာ မိန့်ကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များကို လျှောက်ထားပြီး ကောင်စီအတွင်းရေးမှူးက အစည်းအဝေးတွင် တင်ပြရန်ရှိသည့် အမှာစာ ၇ စောင်ကို တင်ပြလျှောက်ထားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမှာစာများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။　　မြဝတီ

# UNDP အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Norimasa SHIMOMURA အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း လက်ခံတွေ့ဆုံ



နေပြည်တော်　ဇူလိုင် ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် UNDP အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Norimasa SHIMOMURA အား ပြည်ထောင်စုဝန်ကြီး ရုံးညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်UNDP မှ **"အသိုက်အဝန်း ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်ပေးရေးလုပ်ငန်းစီမံချက်"**ကို ၂၀၂၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Technical Focal အဖြစ် တာဝန်ယူဆောင်ရွက်နေမှု၊ ငလျင်တုံ့ပြန်ရေးလုပ်ငန်းများအပါအဝင် စီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဝေးလံခေါင်ဖျားဒေသများသို့ ဒီဂျစ်တယ်သင်ကြားရေးပလက်ဖောင်းများ သို့မဟုတ် ဗီဒီယိုဖိုင်များဖြင့် သင်ကြားနိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ကြရန်လိုအပ်




နေပြည်တော်　ဇူလိုင် ၁၆

ဝေးလံခေါင်ဖျားဒေသများသို့ ဒီဂျစ်တယ်သင်ကြားရေး ပလက်ဖောင်းများ သို့မဟုတ် ဗီဒီယိုဖိုင်များဖြင့် သင်ကြားနိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အခြေခံပညာရေးဆိုင်ရာမူဝါဒများနှင့် အညီ ပညာသင်ယူမှုအခွင့်အလမ်းမြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အခြေခံပညာကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်ပြီး အခြေခံပညာခိုင်မြဲမှသာလျှင် အဆင့်မြင့်ပညာကဏ္ဍတွင်လည်း အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းသာမက စီမံအုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာတွက်ချက်မှုများသည်လည်း အင်မတန်အရေးကြီးကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP 2021–2030)၏ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်မြင်စေရန်အတွက်အရေးကြီးသောကိစ္စရပ်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)က ဆွေးနွေးမည့်အကြောင်းအရာသုံးခုကို မိတ်ဆက်ပြောကြားကာ တက်ရောက်လာကြသူများက ပညာအရည်အသွေးမြင့်မားစွာဖြင့် အနည်းဆုံး KG+9 ပညာရေးပြီးမြောက်ပြီး တန်းစဉ်ကူးပြောင်းမှုတိုးတက်ရေး၊ ကျောင်းစီမံခန့်ခွဲမှုအားကောင်းစေရေးနှင့်ကျောင်းပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးနိုင်ရေး၊ ခိုင်လုံကိုးစားမှုရှိသော အခြေခံပညာကျောင်းအချက်အလက်များအရ ဘဏ္ဍာရေးဆိုင်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ခေါင်းစဉ်များဖြင့် အုပ်စုသုံးစုခွဲ၍ Parallel Session များဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော်　ဇူလိုင် ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ဇေယျာသီရိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်း(၁)၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့်ဒိုင်းဆုရရှိသည့်အသင်းတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ ကျောဖုံးမှအဆက်

MIU အသင်းက BLACK CROSS အသင်းကို ၁၀ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ TG UNITED အသင်းက 7 BROTHER အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ထို့အတူ ညနေပိုင်းပွဲစဉ်တွင် SHWE PYI THAR UNITED အသင်းက MERLION အသင်းကို ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ M2K အသင်းက UNITED CITY အသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ MIU YOUTH အသင်းက SHWE MAN အသင်းကို ၁၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဇူလိုင်လ ၁၇ ရက် **(ယနေ့)** ပွဲစဉ်များတွင် YCDC DREAM အသင်းနှင့် YANGON ACADEMY အသင်း၊ JV အသင်းနှင့် WARM BROTHER အသင်း၊ YRG အသင်းနှင့် ULAD အသင်း၊ SPARTAN GLORY အသင်းနှင့် MAHAR BURMA(MOE)အသင်း၊ SGF အသင်းနှင့် GOLD DREAM အသင်း၊ AC MILKSTEAK အသင်းနှင့် SHADOW အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ Fire Dragon Futsal Champion–ship 2026 ပြိုင်ပွဲတွင် အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး လေးသင်းတစ်အုပ်စု၊ အုပ်စုရှစ်စုခွဲကာ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။　　**ဝန်းရံခ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ခေတ်မီတိုးတက်သောနိုင်ငံတည်ဆောက်ရေးအတွက် မဟာဗျူဟာမြောက် အရေးပါသည့် e-ID စနစ်

ဝေဦးထွန်း

ဒစ်ဂျစ်တယ်နည်းပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံအုတ်မြစ်တစ်ခုဖြစ်လာသည်နှင့်အညီ ကမ္ဘာ့နိုင်ငံအများအပြားသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) ကို အမျိုးသားရေးအဆင့် မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးလာကြသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် အစိုးရ၏ ဝန်ဆောင်မှုများကို ပိုမိုထိရောက်မြန်ဆန်စေရန်၊ အုပ်ချုပ်ရေးယန္တရားများပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ကြခြင်းဖြစ်သည်။ ဤလုပ်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်စွာ အတည်ပြုပေးနိုင်သည့် ဒစ်ဂျစ်တယ်သက်သေခံ အထောက်အထားစနစ် (e-ID) သည် မရှိမဖြစ်လိုအပ်သော ပင်မအခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။

**❖ ခေတ်မီတိုးတက်သည့်နိုင်ငံများတွင် e-ID စနစ်ကို အမျိုးသားဒစ်ဂျစ်တယ်အုပ်ချုပ်မှုစနစ်၏ အခြေခံအုတ်မြစ်အဖြစ်ရှုမြင်ကြသည်။ အကြောင်းရင်းမှာ e-ID စနစ်သည် နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရအကြား ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်ဆက်သွယ်မှုတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်သောကြောင့်ဖြစ်သည်။ အစိုးရဝန်ဆောင်မှုများကို အွန်လိုင်းမှလျှောက်ထားရာတွင်ဖြစ်စေ၊ ဘဏ်အကောင့်ဖွင့်လှစ်ရာတွင်ဖြစ်စေ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရယူရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုအမျိုးမျိုးရယူသူမှာ မည်သူမည်ဝါဖြစ်ကြောင်း e-ID စနစ်က တိကျမှန်ကန်စွာအတည်ပြုပေးနိုင်သည့်အတွက် မဖြစ်မနေအသုံးပြုကြခြင်းဖြစ် . . .**

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားကို ထိထိရောက်ရောက်လည်ပတ်ဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ ဖြစ်တည်မှုဆိုင်ရာ အထောက်အထားများကို မှန်ကန်စွာသိရှိအသုံးပြုနိုင်ခြင်းက အလွန်အရေးကြီးသည့် အခန်းကဏ္ဍ၌ပါဝင်နေသည်။ မွေးဖွားခြင်း၊ ပညာသင်ကြားခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ အခွန်ပေးဆောင်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများရယူခြင်းနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိခြင်းစသည့် နိုင်ငံသားတစ်ဦး၏ ဘဝဖြစ်စဉ်တစ်လျှောက်လုံးတွင် နိုင်ငံတော်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် အကြောင်းအရာများစွာရှိကြသည်။ ထိုသို့ဆောင်ရွက်ရသည့်အခြေအနေများတွင် လူတစ်ဦးချင်းစီကို တိကျသေချာစွာခွဲခြားသတ်မှတ်နိုင်ခြင်းသည် အုပ်ချုပ်ရေးယန္တရားစနစ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။

ယခင်ကာလများက နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မွေးစာရင်းနှင့် အခြားသော ကိုယ်ရေးဆိုင်ရာစာရွက်စာတမ်းများကိုအသုံးပြု၍ လူပုဂ္ဂိုလ်တစ်ဦး၏ အထောက်အထားများကို စိစစ်ခဲ့ကြသော်လည်း ယခုဒစ်ဂျစ်တယ်ခေတ်သို့ ရောက်ရှိလာသည့်အချိန်တွင် ယင်းနည်းလမ်းများ၏ ထိရောက်မှုမှာ အကန့်အသတ်များရှိလာခဲ့သည်။ အထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးနိုင်ခြင်း၊ အတုအပပြုလုပ်နိုင်ခြင်း၊ ဌာနတစ်ခုနှင့်တစ်ခု နိုင်ငံသားကိုယ်ရေးအချက်အလက်များ ကွဲလွဲနေခြင်းနှင့် ဝန်ဆောင်မှုများရယူရာတွင် အချိန်နှင့်ကုန်ကျစရိတ်များစွာအသုံးပြုကြရခြင်းတို့သည် စာရွက်စာတမ်းကိုအခြေခံ၍ အသုံးပြုရသည့် (Paper-based) စနစ်၏ အဓိကအားနည်းချက်များ ဖြစ်လာခဲ့သည်။

ယင်းကဲ့သို့သော စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအများအပြားသည် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (Electronic Identity – e-ID) ဟု ခေါ်သော ဒစ်ဂျစ်တယ် သက်သေခံအထောက်အထားစနစ်များကို အကောင်အထည်ဖော်လာကြသည်။ e-ID ဆိုသည်မှာ နိုင်ငံသားတစ်ဦးချင်းစီအတွက် သီးသန့်အထောက်အထား(Unique ID – UID) နံပါတ် တစ်ခုသတ်မှတ်ပေးပြီး ၎င်းပုဂ္ဂိုလ်၏ ကိုယ်ရေးအချက်အလက်များ (Demographic Data) နှင့် ဇီဝအချက်အလက်များ (Biometric Data) ကို မှတ်ပုံတင်သိမ်းဆည်းထားသည့် နည်းပညာအခြေပြုအထောက်အထားစနစ်တစ်ခုဖြစ်သည်။ e-ID စနစ်၏ အဓိကရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို တိကျမှန်ကန်စွာ အတည်ပြုနိုင်စေရန်ဖြစ်သည်။ ယင်းသို့ စိစစ်အတည်ပြုနိုင်ရန်အတွက် အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ကဲ့သို့သော လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များအပြင် ၎င်း၏လက်ဗွေ (Fingerprint)၊ မျက်စိသူငယ်အိမ် (Iris)၊ မျက်နှာသွင်ပြင် (Facial Recognition) စသည့် ဇီဝဆိုင်ရာအချက်အလက်များကို အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးတည်းက သက်သေခံအထောက်အထားလက်မှတ်တစ်ခုထက် ပိုမိုရယူခြင်း၊ အမည်အမျိုးမျိုးဖြင့် မှတ်ပုံတင်ခြင်းနှင့် အတုအပပြုလုပ်ခြင်းများကို ထိထိရောက်ရောက်တားဆီးပေးနိုင်မည်ဖြစ်သည်။

သို့သော် e-ID စနစ်ကို ဒစ်ဂျစ်တယ်သက်သေခံကတ်ပြားတစ်ခုအဖြစ်သာ သတ်မှတ်ရှုမြင်ပါက ၎င်းစနစ်၏ ဘက်စုံအကျိုးသက်ရောက်မှုများကို ပြည့်စုံစွာထင်ဟပ်နိုင်လိမ့်မည်မဟုတ်ပါ။ ခေတ်မီတိုးတက်သည့်နိုင်ငံများတွင် e-ID စနစ်ကို အမျိုးသားဒစ်ဂျစ်တယ်အုပ်ချုပ်မှုစနစ်၏ အခြေခံအုတ်မြစ်အဖြစ်ရှုမြင်ကြသည်။ အကြောင်းရင်းမှာ e-ID စနစ်သည် နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရအကြား ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်ဆက်သွယ်မှုတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်သောကြောင့်ဖြစ်သည်။ အစိုးရဝန်ဆောင်မှုများကို အွန်လိုင်းမှလျှောက်ထားရာတွင်ဖြစ်စေ၊ ဘဏ်အကောင့်ဖွင့်လှစ်ရာတွင်ဖြစ်စေ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရယူရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုအမျိုးမျိုးရယူသူမှာ မည်သူမည်ဝါဖြစ်ကြောင်း e-ID စနစ်က တိကျမှန်ကန်စွာအတည်ပြုပေးနိုင်သည့်အတွက် မဖြစ်မနေအသုံးပြုကြခြင်းဖြစ်သည်။

e-ID စနစ်မရှိသည့် အုပ်ချုပ်ရေးယန္တရားတွင် အွန်လိုင်းမှတစ်ဆင့် ဝန်ဆောင်မှုလျှောက်ထားလာသူသည် အမှန်တကယ် မည်သူမည်ဝါဖြစ်ကြောင်း တိကျစွာအတည်ပြုနိုင်ရန် ခက်ခဲလှသည်။ အစိုးရ၏ ဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထားသော်လည်း နောက်ဆုံးတွင် ကာယကံရှင်က လူကိုယ်တိုင်လာရောက်၍ အထောက်အထားပြသရခြင်း၊ စာရွက်စာတမ်းများထပ်မံတင်ပြရခြင်းများ ဆောင်ရွက်နေရမည်သာဖြစ်သည်။ ထို့ကြောင့် e-ID စနစ်သည် e-Government စနစ်၏ဝင်ပေါက် (Gateway) အဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ e-ID စနစ်ကို အခြေခံ၍ e-Government စနစ် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများသည် မိမိတို့၏သက်သေခံအထောက်အထားများကို ထပ်ခါတလဲလဲ တင်ပြရန်မလိုအပ်တော့ဘဲ e-ID စနစ်တွင် စာရင်းသွင်းထားသော အချက်အလက်များဖြင့် အစိုးရ၏ဝန်ဆောင်မှုအမျိုးမျိုးကို အလွယ်တကူရယူအသုံးပြုနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် မွေးစာရင်းထုတ်ယူခြင်း၊ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားခြင်း၊ အခွန်ပေးဆောင်ခြင်း၊ လုပ်ငန်းလိုင်စင်ရယူခြင်း၊ ပင်စင်လစာထုတ်ယူခြင်းနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များရယူခြင်း စသည်တို့ကို အွန်လိုင်းမှတစ်ဆင့် လွယ်လင့်တကူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**❖ e-ID စနစ်၏ အဓိကအကျိုးကျေးဇူးတစ်ရပ်မှာ "Single Source of Truth" ဟုခေါ်သော ယုံကြည်စိတ်ချရသည့် အချက်အလက်ရင်းမြစ်တစ်ခုကို ဖန်တီးနိုင်ခြင်းဖြစ်သည်။ ယင်းစနစ်ကြောင့် ဌာနအသီးသီးတွင် လူပုဂ္ဂိုလ်တစ်ဦးနှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များ (ဥပမာ - အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးနံပါတ်) သည် ဌာနအားလုံးအတွက်ကွဲလွဲမှုမရှိဘဲ တူညီနေမည်ဖြစ်သည်။ ၎င်းသည် ဌာနတစ်ခုချင်းစီက ကိုယ်ရေးအချက်အလက်များကို သီးခြားစီထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်သည့် အချက်အလက်ကွဲလွဲမှုများ (Data Inconsistency) ကို ဖယ်ရှားပေးပြီး အစိုးရဌာနအသီးသီးက တူညီသော နိုင်ငံသားကိုယ်ရေးအချက်အလက်များကိုအသုံးပြုနိုင်ခြင်းကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်ကုန်သက်သာပြီး အမှားအယွင်းနည်းပါးစွာဖြင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ် . . .**

ကမ္ဘာ့နိုင်ငံအသီးသီးအနက် အောင်မြင်သော ဒစ်ဂျစ်တယ်နိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာကြည့်မည်ဆိုလျှင် e-ID စနစ်သည် ဒစ်ဂျစ်တယ်အစိုးရ (Digital Government)၊ ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)နှင့် စမတ်နိုင်ငံ (Smart Nation) တည်ဆောက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ရပ်တည်နေသည်ကိုတွေ့ရှိရသည်။ အက်စတိုးနီးယားနိုင်ငံ၏ e-ID စနစ်သည် နိုင်ငံသားများအား အွန်လိုင်းမှတစ်ဆင့် မဲပေးခြင်း၊ ကျန်းမာရေးမှတ်တမ်းများကြည့်ရှုခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် အစိုးရဝန်ဆောင်မှုများကို ထိုင်ရာမထအဆင်ပြေချောမွေ့စွာရယူနိုင်ကြောင်း တွေ့ရှိရသည်။ စင်ကာပူနိုင်ငံ၏ Singpass စနစ်သည်လည်း နိုင်ငံသားများနှင့် အစိုးရ၏ဝန်ဆောင်မှုများအကြား ချိတ်ဆက်ပေးသည့် အဓိကတံခါးပေါက်တစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အာဒ်ဟာ (Aadhaar) စနစ်မှာလည်း လူဦးရေဘီလီယံနှင့်ချီသော ပြည်သူများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိရောက်သော ဝန်ဆောင်မှုများဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့အကြီးမားဆုံး e-ID စနစ်တစ်ခုအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် e-ID စနစ်သည် အစပျိုးခြေလှမ်းတစ်ရပ်သာဖြစ်သည်။ e-ID စနစ်၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် တိကျစွာစိစစ်အတည်ပြုနိုင်ရန်ဖြစ်သော်လည်း ယင်းစနစ်၏ တန်ဖိုးအစစ်အမှန်မှာ National Database ဂေဟစနစ်များ၊ အစိုးရ၏ဝန်ဆောင်မှုစနစ်များနှင့် စီးပွားရေးဆိုင်ရာ ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အပြန်အလှန်ချိတ်ဆက်နိုင်သည့် အခြေခံအုတ်မြစ်အဖြစ် အသုံးချနိုင်ခြင်းဖြစ်သည်။

e-ID စနစ်၏ အဓိကအရေးပါမှုမှာ ဌာနအသီးသီးတွင် သီးခြားစီတည်ရှိနေသော နည်းပညာစနစ်များအတွင်းမှအချက်အလက်များကို လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ UID နံပါတ်ဖြင့်ချိတ်ဆက်၍ ဆက်စပ်ဖော်ထုတ်နိုင်ခြင်း (Correlation) ပင်ဖြစ်သည်။ UID နံပါတ်သည် ဌာနအသီးသီးရှိ သတင်းအချက်အလက်နည်းပညာစနစ်အတွင်းမှ သက်ဆိုင်ရာအချက်အလက်များကို ပြန်လည်ရှာဖွေဖော်ထုတ်ရန်အတွက် ဘုံနံပါတ် (Common Reference Point) အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ဦး၏မွေးစာရင်းသည် ကျန်းမာရေးဝန်ကြီးဌာန၏စနစ်တွင်လည်းကောင်း၊ ပညာရေးမှတ်တမ်းသည် ပညာရေးဝန်ကြီးဌာန၏စနစ်တွင်လည်းကောင်း၊ အခွန်ဆိုင်ရာအချက်အလက်များသည် ဘဏ္ဍာရေးဌာန၏စနစ်တွင်လည်းကောင်း အသီးသီး သီးခြားတည်ရှိနေဆဲဖြစ်ပြီး ၎င်းအချက်အလက်များကို UID နံပါတ်ဖြင့်သာ ဆက်စပ်ဖော်ထုတ်၍ လိုအပ်သလို မျှဝေအသုံးပြုခြင်းဖြစ်သည်။

ဥပမာအားဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏ UID နံပါတ်ကို အသုံးပြု၍ ၎င်းနှင့်သက်ဆိုင်သော မွေးစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပညာရေးမှတ်တမ်း၊ ကျန်းမာရေးမှတ်တမ်း၊ ပြစ်မှုမှတ်တမ်း၊ အခွန်ဆိုင်ရာအချက်အလက်များနှင့် လူမှုဖူလုံရေးမှတ်တမ်းများကို မူလဌာန၏သတင်းအချက်အလက်စနစ်များမှပင်

စာမျက်နှာ ၁၄ သို့ ❖

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

သီလခံ၍အပြီး ဇရပ်အောက်သို့ဆင်းကြလျှင် စစ်ကဲကြီးသည် မောင်ထွန်းမြတ်ကိုမြင်၍–

"အလို... မောင်ထွန်းမြတ်လား၊ ဒီကနေ့ ဘယ်သွားစရာရှိသေးသလဲ၊ သွားစရာမရှိရင် အိမ်လိုက်ခဲ့ပါဦး၊ ပြောစရာလေးတစ်ခု၊ နှစ်ခုရှိလို့၊ အိမ်မှာပဲ နေ့လယ်စာစားတာပေါ့"ဟု ပြောလျှင်–

မောင်ထွန်းမြတ်သည် မဂျမ်းပုံတို့ဘက်သို့လှည့်၍–

"အစ်မကြီး ကျွန်တော် စစ်ကဲကြီးအိမ်မှာ နေ့လယ်စာ စားတော့မယ်၊ သွားကြပေတော့နော် မိမိရီ"

မောင်ထွန်းမြတ်သည် စစ်ကဲကြီးတို့သားအဖနှင့် လိုက်၍သွားလျှင် မိမိရီနှင့်မဂျမ်းပုံတို့သည် အိမ်သို့ပြန်လာကြလေ၏။

လမ်းတွင် မိမိရီက "ကိုထွန်းမြတ်က စစ်ကဲကြီးနဲ့ တယ်ကျွမ်းပါကလား"ဟု ပြောလျှင်–

မဂျမ်းပုံက "လူကြီးလူကောင်းမှန်ရင် သူနဲ့မကျွမ်းတာ ဘယ်ရှိမလဲ၊ ဒါနဲ့ ခင်စိန်ကြည်က မျက်နှာလေးရော၊ ကိုယ်လုံးကိုယ်ပေါက်လေးရော တယ်ချစ်စရာကောင်းပါကလား"ဟုပြောရာ မိမိရီသည် ဘာမျှပြန်မပြောဘဲ ညိုးငယ်သောမျက်နှာထားဖြင့်ပြန်လာလေ၏။

အိမ်သို့ရောက်လျှင် မဂျမ်းပုံသည် ကောင်းမွန်စွာချက်ပြုတ်ထားသော စားဖွယ်တို့ကို ကျွေးမွေးပါသော်လည်း မိမိရီမှာများစွာအာသာမရှိဘဲ အစ်မကြီးရိပ်မိမည်စိုးသောကြောင့်သာ ဟန်လုပ်၍အနည်းငယ်စားသောက်လေ၏။

မောင်ထွန်းမြတ်မှာမူ စစ်ကဲကြီးအိမ်သို့ရောက်၍ အနည်းငယ်စကားပြောဆိုကြပြီးနောက် နေ့လယ်စာစားရန်စားပွဲတွင်ထိုင်လျက်ရှိကြသည့်အခါ ဗိုလ်ကြီးများစားပွဲကဲ့သို့ လုပစုံလင်စွာ ပြင်ဆင်လျက်ထားသော စားပွဲကိုကြည့်ရာမှ မိမိနှင့်မျက်နှာချင်းဆိုင်ထိုင်နေသော ခင်စိန်ကြည်ရဲ့မျက်နှာကိုကြည့်ပြီး သက်ပြင်းချမိလေ၏။

ထမင်းစားပြီးလျှင် ခင်စိန်ကြည်သည် စားပွဲမှထ၍ မိမိအခန်းသို့သွားပြီးလျှင် ကြမ်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ဇိနတ္ထပကာသနီကျမ်းကို ဖတ်၍နေရာ စာတွင်ကောင်းကောင်း စိတ်မရောက်သဖြင့် စာအုပ်ကိုချပြီးလျှင် မိခင်၏ဓာတ်ပုံကိုကြည့်လျက် စဉ်းစားနေလေကြောင်း။ ထိုကဲ့သို့စဉ်းစားနေရာမှ ဖခင်ကို သတိရပြန်၍ ဖခင်ကောင်းစွာမကျန်းမာသည့်အကြောင်းကို တွေးတောလျက်နေဆဲတွင် လူတစ်ယောက်၏မျက်နှာသည် ခင်စိန်ကြည်၏စိတ်ထဲတွင် ရုတ်တရက်ပေါ်လာလေ၏။ ၎င်းလူသည် တခြားမဟုတ်၊ ဆပ်ကပ်ပွဲကို မစ်ဆက်ဘရောင်းနှင့်သွားစဉ်ကတွေ့ခဲ့သော မောင်သက်ညွှန့် ဖြစ်လေသည်။

၎င်းသူကို တွေးမိခြင်းအကြောင်းမှာ ဆပ်ကပ်ကြည့်ပြီး ငါးရက်လောက်ကြာသောနေ့၌ အဒေါ်တော်သူ ဝတ်လုံကတော်ကြီးသည် မည်သည့်အကြံအစည်ရှိသည်မသိ စစ်ကဲကြီးအိမ်သို့လာ၍ ခင်စိန်ကြည်ကို အလည်လိုက်ခဲ့ပါဟု ရထားနှင့်တင်၍ခေါ်သွားဖူးလေ၏။

ထိုအခါက ထိုအိမ်တွင် မောင်သက်ညွှန့်လည်းရှိသဖြင့် စွမ်းအားရှိသမျှ ကြိုးစားအားထုတ်၍ ရယ်မောစရာ စကားရွှန်းများကို ဖန်တီး၍ပြောပြီးလျှင် မောင်သက်ညွှန့်သည် အကျွမ်းဖွဲ့လေ၏။

မောင်သက်ညွှန့်မှာ အလွန်တရာ လူရည်လည်သည့်အပြင် မိန်းကလေးတို့စိတ်သဘောကို သိတတ်သည်ဖြစ်သောကြောင့် ခင်စိန်ကြည်အား ချစ်ကြိုက်ကြောင်းနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းစကားစပ်၍မပြောဘဲ မိမိအားနှစ်သက်လောက်အောင်သာလျှင် ကြိုးစားအားထုတ်သွယ်ဝိုက်ကာပြောလေ၏။ ၎င်းနေ့အချိန်ကုန်၍ ပြန်လာလျှင် ခင်စိန်ကြည်သည် မောင်သက်ညွှန့်၏အကြောင်းကို စဉ်းစားမိလေ၏။

နောက်တစ်နေ့၌လည်း ဝတ်လုံကတော်ကြီးလာ၍ ခေါ်ပြန်လျှင် ခင်စိန်ကြည် စဉ်းစားမိသည်မှာ "ငါ့ရဲ့အဒေါ်ဝတ်လုံကတော်သည် ငါ့အားဘယ်သောအခါမျှ မျက်နှာထားချိုဖူးသည်မရှိ၊ ယခုမှာမူ မျက်နှာထားချိုရုံမျှမက သူ့အိမ်ကိုအလည်လိုက်ရန် တစ်ကြိမ်မှ နှစ်ကြိမ်တိုင်အောင် လာ၍ခေါ်သည်ဖြစ်သောကြောင့် အကြံတစ်ခုရှိသည့်လက္ခဏာတူသည်။ လိုက်၍တော်မည်မထင်"ဟု စဉ်းစားရင်း မျက်နှာပူလျက်–

"ဒေါ်ဒေါ် ကျွန်မကို အရေးတယူတမင်လာပြီး ခေါ်လာတာ အပုံကြီးကျေးဇူးတင်ပါတယ်၊ သို့သော် ကျွန်မခေါင်းနည်းနည်းကိုက်လို့ မလိုက်ပါရစေနဲ့" ဟု ပြောလိုက်လေ၏။

ဤနေရာ၌ တချို့မိန်းကလေးတို့မှာ "ငါတို့ဒေါ်ဒေါ်၊ ငါတို့ ဦးလေးအိမ်ကပဲ ဘာကိစ္စရှိသလဲ"ဟု အောက်မေ့၍ ကောက်ကောက်ပါအောင် လိုက်သွားမည်ဖြစ်လေသည်။ ခင်စိန်ကြည်မှာ ဤကဲ့သို့ သဘောမရှိ၊ မိမိသည် မောင်သက်ညွှန့်အား မည်မျှပင်ချစ်ကြိုက်စေကာမူ မိန်းမကြိုက်ကမျှော်လိုက်တာ ယောကျ်ားကြိုက်က ဆိုက်ဆိုက်လာဆိုသည့်စကားအတိုင်း မိန်းမသည် ယောကျ်ားရှိရာသို့သွားရိုးမရှိဟု မည်မျှပင်လိုက်လိုသော်လည်း မလိုက်ဘဲနေလေ၏။

ခင်စိန်ကြည်သည် ၎င်းအကြောင်းများကို ပြန်လှန်စဉ်းစား၍နေဆဲတွင် မိမိဥပုသ်ယူ၍ထားမိသည်ကိုသတိရသဖြင့် ဇိနတ္ထပကာသနီကျမ်းကိုဖွင့်ပြီးလျှင် တတ်အားသမျှကြိုးစား၍ ဖတ်နေလေ၏။

■ ■ ■ ■ ■

**အခန်း (၆)**

စစ်ကဲကြီးဦးထင်ကျော်သည် ထိုအိမ်၌နေထိုင်လျက်ပင်ရှိသော်လည်း အိမ်ဝင်းမှစ၍ အိမ်တွင်းရှိ အိမ်ထောင်မှုပရိဘောဂတို့သည်ကား မောင်ထွန်းမြတ်၏ ပစ္စည်းချည်းသာဖြစ်၍ မောင်ထွန်းမြတ်သည် စစ်ကဲကြီးထံမှ အိမ်လခရရှိလေသည်။ ဤသို့ရောင်းဝယ်ပြီးဖြစ်သော်လည်း ၎င်းအကြောင်းကို မောင်ထွန်းမြတ်၏ စာရေးဦးသာဒွန်းနှင့် မဂျမ်းပုံတို့မှတစ်ပါး တခြားသူတစ်ဦးတစ်ယောက်မျှ မသိကြကုန်။

စစ်ကဲကြီးသည် ငယ်စဉ်မှစ၍ အသုံးအစွဲကြီးခဲ့သောကြောင့် အမွေအနှစ်ရသည့် ပစ္စည်းတို့ကုန်ခန်းသည့်အပြင် ၎င်းအိမ်နှင့်ဝင်းတို့လည်း လိုက်၍သွားရကား မိမိ၏သမီးကလေး ခင်စိန်ကြည်အား စိုးစဉ်းမျှ ပြော၍မပြကုန်။

ခင်စိန်ကြည်လည်း ပိုက်ဆံဆိုသည်မှာ အချိန်ကျလျှင် အလိုလိုရသည်ဟု အောက်မေ့ဘိသကဲ့သို့ ဖခင်၏ ခမ်းခမ်းနားနားနေထိုင်သော အခြေအနေကိုမြင်သဖြင့် အမှုမဲ့အမှတ်မဲ့နေထိုင်ခဲ့ရာ မိမိတို့မြေပိုင်ဟူ၍ တစ်ဖျာရာမျှမရှိသည့်အပြင် ကြွေးမြီအမြောက်အမြားတင်လျက်ရှိသည့်အကြောင်းတို့ကို မရိပ်မိရှာကုန်။

စစ်ကဲကြီးမှာမူ သမီးကလေးကိုပြော၍ပြသော်လည်း စိတ်ပူရုံမျှသာရှိတော့မည်။ ပြန်၍ရဦးမည် မဟုတ်ဟု သဘောရသောကြောင့် လျှို့ဝှက်၍ ထားမြဲတိုင်းထားလေ၏။

"ဩော်... ငါများသေသွားရင် ပိုက်ဆံကလည်း တစ်ပြားတစ်ချပ်မှ မကျန်တဲ့အပြင် ကြွေးရှင်တွေကလည်း ဝိုင်းလာပြီး ပင်စင်ကလည်း ပြုတ်ရှာတော့မယ်၊ ဩော် သမီးကလေး၊ သမီးကလေး မင့်အတွက်တော့ ဖေဖေပူလှချေရဲ့နော်၊ သင်းကတော့ ဘာမှမသိရှာဘူး၊ တစ်နေ့ကတောင် ရှိတဲ့စန္ဒရားအသံမကောင်းလို့ အသစ်တစ်ခုလိုချင်တယ်တဲ့ ပြောရှာသေးတယ်၊ ငါဘယ့်နှယ်ကြံလို့ပြောပါရမယ်" စသည်ဖြင့် စိတ်ကူးနေရင်း မိမိအနီးတွင်ထိုင်၍ အင်္ဂလိပ်ပုံစာအုပ်တစ်ခုကို ဖတ်လျက်နေသော သမီးချောကလေး၏မျက်နှာကိုကြည့်နေရာ ခင်စိန်ကြည်သည် ပုံတွင်ရယ်စရာတစ်ခုတွေ့၍–

"ဖေဖေဘုရား နားထောင်စမ်းပါဘုရား ဒီအပိုဒ်ကလေး"ဟုဆို၍ ဖတ်ပြပြီးလျှင် ရယ်လိုက်ရာ ပါးပေါက်ကလေးတို့သည် ပါးတစ်ဖက်တစ်ချက်၌ ပေါ်လာလျက် ရယ်လိုက်သည့်အသံသည်လည်း ကြည်လင်အေးမြ၍ လွန်စွာသောကကင်းပေ၏။

**ဆက်လက်ဖော်ပြပါမည်။**

**◆ စာမျက်နှာ ၁၃ မှအဆက်**

ချိတ်ဆက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထိုသို့ချိတ်ဆက်ထားခြင်းအားဖြင့် ဌာနတစ်ခုက အခြားဌာနတစ်ခုထံမှ အချက်အလက်များကို စာရွက်စာတမ်းဖြင့် ထပ်မံတောင်းခံရသည့် လုပ်ငန်းစဉ်များပပျောက်သွားပြီး ပြည်သူများအနေဖြင့် မိမိတို့၏အချက်အလက်များကို ဌာနအသီးသီးသို့ ထပ်ခါထပ်ခါ ပြန်လည်တင်ပြနေရသည့် အချိန်ကုန်လူပန်းဖြစ်မှုများကို သိသိသာသာလျှော့ချပေးနိုင်မည်ဖြစ်ကာ ဝန်ဆောင်မှုရယူရာတွင် ပိုမိုလွယ်ကူမြန်ဆန်လာမည်ဖြစ်သည်။

e-ID စနစ်၏ အဓိကအကျိုးကျေးဇူးတစ်ရပ်မှာ "Single Source of Truth" ဟုခေါ်သော ယုံကြည်စိတ်ချရသည့် အချက်အလက်ရင်းမြစ်တစ်ခုကို ဖန်တီးနိုင်ခြင်းဖြစ်သည်။ ယင်းစနစ်ကြောင့် ဌာနအသီးသီးတွင် လူပုဂ္ဂိုလ်တစ်ဦးနှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များ (ဥပမာ – အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးနံပါတ်) သည် ဌာနအားလုံးအတွက်ကွဲလွဲမှုမရှိဘဲ တူညီနေမည်ဖြစ်သည်။ ၎င်းသည် ဌာနတစ်ခုချင်းစီက ကိုယ်ရေးအချက်အလက်များကို သီးခြားစီထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်သည့် အချက်အလက်ကွဲလွဲမှုများ (Data Inconsistency) ကို ဖယ်ရှားပေးပြီး အစိုးရဌာနအသီးသီးက တူညီသောနိုင်ငံသားကိုယ်ရေးအချက်အလက်များကို အသုံးပြုနိုင်ခြင်းကြောင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်ကုန်သက်သာပြီး အမှားအယွင်းနည်းပါးစွာဖြင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် လူတစ်ဦးတည်းက အမည်အမျိုးမျိုးဖြင့် မှတ်ပုံတင်ထားခြင်း၊ အကျိုးခံစားခွင့်များကို ထပ်ခါထပ်ခါရယူခြင်း သို့မဟုတ် အချက်အလက်အတုများဖန်တီးခြင်းကဲ့သို့သော လိမ်လည်မှုများကိုလည်း ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်သည်။

e-ID စနစ်ကို အခြေခံ၍ တည်ဆောက်ထားသော National Database ဂေဟစနစ်သည် အချက်အလက်များကို ဗဟိုပြုသိမ်းဆည်းရာနေရာ (Centralized Repository) တစ်ခုမဟုတ်ပါ။ ၎င်းသည်အစိုးရအဖွဲ့အစည်းများအကြား အချက်အလက်များကို လုံခြုံစွာဖလှယ်နိုင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် တည်ဆောက်ထားသော ချိတ်ဆက်အသုံးပြုသည့် ဒစ်ဂျစ်တယ်ဂေဟစနစ် (Interconnected Digital Ecosystem) တစ်ခုဖြစ်သည်။ ၎င်းစနစ်တွင် ပြည်သူတစ်ဦးသည် မည်သည့်ဝန်ဆောင်မှုကိုမဆို e-ID စနစ်မှ ထုတ်ပေးထားသော UID နံပါတ်တစ်ခုတည်းဖြင့်ရယူနိုင်ပြီး အစိုးရဌာနများအနေဖြင့်လည်း လိုအပ်သောအချက်အလက်များကို သက်ဆိုင်ရာသတင်းအချက်အလက်စနစ်များမှ ဥပဒေနှင့်အညီ လုံခြုံစိတ်ချစွာမျှဝေအသုံးပြုနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် e-ID စနစ်ကိုအခြေခံထားသော National Database စနစ်သည် ဌာနအသီးသီး၏ မတူညီသော သတင်းအချက်အလက်စနစ်များကို UID နံပါတ်ဖြင့် အပြန်အလှန်ချိတ်ဆက်ပေးသည့် ဒစ်ဂျစ်တယ်ဂေဟစနစ် (Digital Ecosystem) တစ်ခုဖြစ်ပြီး ခေတ်မီအုပ်ချုပ်ရေးယန္တရား၏ဒစ်ဂျစ်တယ်အသက်သွေးကြောလည်းဖြစ်သည်။ ဤစနစ်သည် အစိုးရဌာနများအကြား အချက်အလက်ဖလှယ်မှုကို လုံခြုံစိတ်ချစွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို နည်းပညာဖြင့် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်းတို့ဖြင့် အုပ်ချုပ်ရေးဆိုင်ရာပွင့်လင်းမြင်သာမှု၊ တိကျမှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို တစ်ပြိုင်နက်တည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် e-ID စနစ်သည် ဒစ်ဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ခေတ်မီကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားစနစ် တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သော ပင်မအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရာတွင် ပြည်သူလူထုလက်လှမ်းမီ ရယူနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနေသည့် "သူနာပြု" နှင့် "သားဖွား" များအနေဖြင့် မိမိတို့၏ဂုဏ်သိက္ခာ၊ ကျင့်ဝတ်များနှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင် . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

သင်တန်းကျောင်းများအားလုံးတွင်ကျောင်း စာသင်ခန်းများကို လိုအပ်ချက်နှင့်အညီ တိုးချဲ့ခြင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့ သင်ကြားရေးခန်းတို့ကို စနစ်တကျ အသုံးပြုခြင်းနှင့် သင်ကြားလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကိုလည်း ခေတ်နှင့်လျော်ညီအောင် စဉ်ဆက်မပြတ် ဆန်းစစ်မွမ်းမံပြင်ဆင်ခြင်း၊ သင်ကြားရေးဆရာ၊ ဆရာမများ ပြည့်စုံအောင် ခန့်အပ်ဖြည့်တင်းပေးခြင်း၊ ခေတ်မီ သင်ကြားရေးနည်းလမ်းများ အသုံးပြုပြီး ကျောင်းသားများ၏ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း (Critical thinking)၊ လက်တွေ့ကျွမ်းကျင်မှု(Clinical competency)နှင့် ပညာရှင်ပီသမှု(Profes–sionalism)တို့ ပိုမိုကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် သင်ကြားမှုအရည်အသွေးပြည့်ဝနေစေရေး စွမ်းရည်မြှင့်တင်ပေးရန်လည်း လိုကြောင်း၊ အနာဂတ်ကျန်းမာရေးစနစ်သည် နည်းပညာအခြေပြုစနစ်တစ်ခုအဖြစ် ပြောင်းလဲလာနေပြီဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သုတေသနစွမ်းရည်၊ ဒီဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ အသုံးပြုနိုင်မှုနှင့် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုတို့ကိုလည်း တိုးတက်အောင်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ အလားတူ ကျောင်း၏ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးကိုလည်း ကျောင်းနှင့်သက်ဆိုင်သည့်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ Keep Your Campus Clean ဆိုသည့်စကားနှင့်အညီ အမြင်တင့်တယ်ခြင်းဖြင့် ကျောင်း၏ဂုဏ်ကို တစ်ဖက်ကလည်း မြှင့်တင်ပေးရန် တိုက်တွန်းလိုကြောင်း။

အထူးမှာကြားလိုသည်မှာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သူနာပြုစုမှုနှင့် သားဖွားပညာရပ်များကို မိမိတို့ကိုယ်တိုင် အမြဲတမ်းလေ့လာသင်ယူနေရန် လိုအပ်သကဲ့သို့ ပြင်ပဗဟုသုတနှင့် အသိဉာဏ်ပညာပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် စာကောင်းပေမွန်များကိုလည်း စဉ်ဆက်မပြတ် လေ့လာဖတ်ရှုသွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သူနာပြုများ၏ လူသားဆန်မှု၊ မေတ္တာထားပြီး ပြုစုယုယမှုနှင့် သနားကြင်နာမှု စသည်တို့သည် အခြားရုပ်ဝတ္ထုများ၊ စက်ပစ္စည်းများနှင့် အစားထိုးမရနိုင်သည့် "အနုပညာဆန်သော သူနာပြုစုမှုပညာရပ်" (The Art of Nursing) ဖြစ်သည်ကို မမေ့ကြရန်နှင့် ဂုဏ်ယူစိတ်နှင့် လေးစားတန်ဖိုးထားကြရန် လေးလေးနက်နက် မှာကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရာတွင် ပြည်သူလူထုလက်လှမ်းမီရယူနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနေသည့် "သူနာပြု" နှင့် "သားဖွား" များအနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်များနှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ကို စိတ်ကောင်းစေတနာနှင့် ဆောင်ရွက်ပေးသွားကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှ အစဉ်တစိုက် ကြိုးပမ်းသွားကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့်၊ ထူးချွန်ထက်မြက်သည့် သူနာပြုနှင့် သားဖွားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံများဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် သူနာပြုသိပ္ပံ(နေပြည်တော်)မှ သင်တန်းသူများက "ကရုဏာအလင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျေးဇူးတင်စကားပြောကြား၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ သူနာပြုသိပ္ပံ(နေပြည်တော်)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတ ဦးညိုစောနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က သူနာပြုသိပ္ပံ (နေပြည်တော်) သင်ကြားရေးဆောင်ရှိ သူနာပြုသိပ္ပံ(နေပြည်တော်)ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံ(နေပြည်တော်) သင်ကြားရေးဆောင်ရှိ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စာသင်ခန်း၊ အဖွဲ့ငယ်ဆွေးနွေးခန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာပုံစံတူလက်တွေ့သင်ကြားရေးခန်းများအတွင်း စာတွေ့၊ လက်တွေ့ သင်ကြားနေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News

# ၂၀၂၆ ခုနှစ် တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ် ကူမင်းအဓိကအကြောင်းအရာလှုပ်ရှားမှုအစီအစဉ် ကျင်းပ






**ကူမင်း ဇူလိုင် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၃ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် စစ်ဆောင်ပန်းနားပြည်နယ်ခွဲတို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာမဟာမိတ်နှစ်ပတ်လည်အစည်းအဝေးနှင့် တောင်အာရှ–အရှေ့တောင်အာရှ မီဒီယာမဟာမိတ်အဖွဲ့၏ ယဉ်ကျေးမှုနှင့် လူမှုဖလှယ်ရေးလှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်လျက်ရှိသည်။

အဆိုပါအဖွဲ့တွင်ပါဝင်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ အနုပညာရှင်ဝန်ထမ်း ရှစ်ဦးသည် ဇူလိုင်လ ၁၄ ရက် ညနေပိုင်းတွင် ကူမင်းမြို့ရှိ Dian'an စခန်းချ အပန်းဖြေစိမ်းလန်းမြေ၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ် ကူမင်းအဓိကအကြောင်းအရာလှုပ်ရှားမှုအစီအစဉ်တွင်ပါဝင်ပြီး မြန်မာ့ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ကပြဖျော်ဖြေရာ စိတ်ပါဝင်စားသူပရိသတ်များက ပါဝင်ဆင်နွှဲကြသည်။

အလားတူ ဇူလိုင်လ ၁၅ ရက်တွင်လည်း ၂၀၂၆ ခုနှစ် တရုတ်–မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ် ကူမင်းအဓိကအကြောင်းအရာလှုပ်ရှားမှုအစီအစဉ် ဒုတိယနေ့အဖြစ် MRTV မှ အနုပညာရှင်အဖွဲ့များက ကူမင်းချန်ရွှေလေဆိပ်တွင် တေးသီချင်းများကို ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များစည်ကားစွာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**




| မြန်မာ့ပင်လယ်ပြင် အခြေအနေ |
|---|

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်ပါသည်။

**(မိုး/ဇလ)**

★ ရှေ့ဖုံးမှအဆက်

သူနာပြုသိပ္ပံမှ သင်ကြားရေးဆရာ/ဆရာမများ၊ နေပြည်တော် ခုတင်(၁၀၀၀) သူနာပြုဆေးရုံမှ သူနာပြုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ သူနာပြုသိပ္ပံများမှ ပါမောက္ခချုပ်များ၊ သူနာပြုအုပ်များ၊ သင်ကြားရေးဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက Video conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သူနာပြုသိပ္ပံ(နေပြည်တော်) သို့ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတက သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ သူနာပြုသိပ္ပံများကို ကရုဏာအလင်းသူနာပြုဆီမီးဖြင့် စက်ခလုတ်နှိပ်၍ တစ်ပြိုင်တည်း ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုသိပ္ပံများဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သူနာပြုသိပ္ပံ(နေပြည်တော်)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား နေရာအရောက်ဂါရဝပြုပေးအပ်စဉ်။

**❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံးပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျ၊ ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိ . . .**

**❖ အရေအတွက်တိုးမြှင့်မွေးထုတ်ရုံသာမက အရည်အသွေးပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ သူနာပြုနှင့် သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့် သားဖွားများမွေးထုတ်ပေးနိုင်ရန် ရည်မှန်းဆောင်ရွက်သွားရမည်ဖြစ် . . .**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံများဖွင့်ပွဲအထိမ်းအမှတ် သူနာပြုသိပ္ပံ(နေပြည်တော်)မှ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ "သူနာပြုအားမာန် သူနာပြုသိပ္ပံ" တေးသီချင်းဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံးပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျကြောင်း၊ ထို့ကြောင့်လည်း **တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများအတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

**"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသည့်ခံယူချက်ဖြင့် မိမိတို့ တာဝန်ယူခဲ့သည့်ကာလတစ်လျှောက်လုံး ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှုကို ဘက်ပေါင်းစုံကဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုအစိုးရသစ်ကာလတွင်လည်း ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ထူးချွန်ထက်မြက်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝကြသော်လည်း ကျန်းမာရေးမကောင်းပါက ပေးအပ်လာသည့်တာဝန်များနှင့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံး၏ စိတ်ရောကိုယ်ပါကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးအတွက် ပြည်သူလူထုအားလုံး လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ **နိုင်ငံတော်အတွက် လိုအပ်နေသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် ဆေးတက္ကသိုလ် (၅)ခုနှင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးပညာမဟာဌာနကြီး (Faculty of Medicine)ကို ထည့်သွင်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုဆိုပါက ဆေးတက္ကသိုလ် (၆) ခုနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ် (၁၁)ခု၊ စုစုပေါင်းတက္ကသိုလ် (၁၇)ခုရှိလာပြီဖြစ်**ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု၏ အရေးကြီးသည့်အခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် သူနာပြု၊ သားဖွားများ မွေးထုတ်ပေးနေသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများအနက် (၁၅)ကျောင်းကို ယနေ့တွင် သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြုသိပ္ပံများသည် နိုင်ငံတော်၏ ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အရည်အချင်းပြည့်ဝပြီး လူသားချင်းစာနာစိတ်အပြည့်ရှိသည့် သူနာပြုများ၊ သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်၏ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်ကျန်းမာရေးပညာဗဟိုဌာနများဖြစ်လာပြီဟု ဆိုရမည်ဖြစ်ကြောင်း။

လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဓိကကျသည့် သူနာပြုနှင့် သားဖွား စွမ်းအားစုများကို မွေးထုတ်ပေးလျက်ရှိရာ ၁၉၆၂ ခုနှစ်မှ ယနေ့ထိ သူနာပြု-သားဖွား ဒီပလိုမာရရှိသူ (၄၁၄၅) ဦး၊ သားဖွား (၄၂၅၃) ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

ထို့အပြင် ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ အလွယ်တကူရရှိစေရန်ရည်ရွယ်ပြီး ယခု ၂၀၂၄ ခုနှစ် ပညာသင်နှစ်၌ သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းများတွင် သူနာပြု-သားဖွား ဒီပလိုမာ (၃) နှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၅၉၄၆)ဦးနှင့် သားဖွားသင်တန်းကျောင်းများတွင် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းကျောင်းသူ စုစုပေါင်း (၁၀၃၅) ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နှစ်စဉ် သူနာပြုနှင့် သားဖွားများ တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပြီး ယခု ၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် သူနာပြုသိပ္ပံများ အဆင့်မြှင့်တင်မှုနှင့်အတူ သူနာပြု - သားဖွား ဒီပလိုမာ (၃)နှစ် သင်တန်းအတွက် သစ်လွင်သင်တန်းသား၊ သင်တန်းသူ (၂၉၀၀)ဦးနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် သင်တန်းသူ (၁၄၀၀)ဦးထိ တိုးမြှင့်ခေါ်ယူ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း။

**အရေအတွက်တိုးမြှင့်မွေးထုတ်ရုံသာမက အရည်အသွေးပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ သူနာပြုနှင့်သားဖွားပညာရေးကိုအရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့် သားဖွားများမွေးထုတ်ပေးနိုင်ရန် ရည်မှန်း**

**ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသည့် ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်းများနှင့် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပြီး အမျိုးသားပညာရေးအဆင့် မူဘောင်အရ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများသာ တက်ရောက်ရသည့် အဆင့်မြင့်ဒီပလိုမာ သင်တန်းများဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ နိုင်ငံတကာ သတ်မှတ်စံနှုန်း(၈)ခုပါဝင်သည့် သူနာပြုနှင့်သားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းလည်းဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များတွင် သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့် တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သောကြောင့်သူနာပြုပညာရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သူနာပြု



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်) သင်ကြားရေးဆောင်ရှိ ကွန်ပျူတာခန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆောင်တံဆိပ်များကို နှစ်စဉ်ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးလျက်ရှိကြောင်း။

ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းသူနာပြုများထမ်းဆောင်ရသည့်တာဝန်များနှင့် တိုးတက်လာသည့် သူနာပြုပညာရေးအပေါ် မူတည်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အခြားသော ကျွမ်းကျင်ပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့် တန်းတူအသိအမှတ်ပြုချီးမြှင့်ပေးခြင်း၊ ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ပေးခြင်း၊ ထပ်ဆောင်းချီးမြှင့်ငွေပေးအပ်ခြင်းတို့ကို ချီးမြှင့်ပေးထားကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်နေသည့် "ကျန်းမာရေးစွမ်းအားစုအဆောက်အဦ" တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အဆင့်မြှင့်တင်ပေးလိုက်သည့် သူနာပြုသိပ္ပံနှင့် **စာမျက်နှာ ၁၅ သို့** ☆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်)ရှိ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့ခန်းများအတွင်း စာတွေ့၊ လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

သင်တန်းကျောင်းများကို ယခုကဲ့သို့ သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အပြင် **တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(၁၅) ကျောင်းကိုလည်း သူနာပြုသိပ္ပံများအဖြစ် ထိုက်တန်သည့်အဆင့်အတန်းကို အသိအမှတ်ပြု ဖွင့်လှစ်ပေးခြင်းလည်းဖြစ်**ပါကြောင်း၊ **ထိုသို့မြှင့်တင်ပေးလိုက်ခြင်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ဒေသအလိုက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ပိုမိုဖြည့်စွမ်းပေးနိုင်မည်လည်းဖြစ်**ကြောင်း၊ **ကျန်ရှိနေသည့် သူနာပြုနှင့် သားဖွား၊ နှီးနွှယ်သင်တန်းကျောင်း (၂၇)ကျောင်းကိုလည်း မိမိတို့အစိုးရအဖွဲ့သစ်ရက်(၁၀၀) အတွင်း၌ပင် ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ပြီးဖြစ်**ကြောင်း၊ ယင်းသည်လည်း ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းဖြစ်သကဲ့သို့ သူနာပြုနှင့်သားဖွားများကို အလေးထားဂုဏ်ပြုခြင်းဖြစ်ကြောင်းကိုပြောကြားလိုကြောင်း၊ နိုင်ငံ၏ အနာဂတ်ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် သူနာပြုနှင့်သားဖွားများ ပေါ်ထွက်လာစေရေး အခြေခံကောင်းကောင်းနှင့် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်နှင့် အမှန်တကယ် ပညာရည်ပြည့်ဝ၊ ထူးချွန်သည့် သူနာပြုနှင့် သားဖွားများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

**နိုင်ငံတွင် ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များနှင့် အရေးကြုံလာတိုင်း သူနာပြုနှင့်သားဖွားများသည် ရှေ့တန်းတိုက်စစ်မှူးများအနေဖြင့် မိမိတို့၏လုံခြုံရေးနှင့် အခက်အခဲများကို ပဓာနမထားဘဲ ပြည်သူလူထု၏ အသက်နှင့်ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် စွမ်းစွမ်းတမံ စွန့်လွှတ်စွန့်စားစွမ်းဆောင်ရည်များကိုလည်း လေးစားဂုဏ်ယူ**ပါကြောင်း၊ နိုင်ငံတကာအသိအမှတ်ပြု ဖလောရင့်နိုက်တင်ဂေးလ်ဆု ရရှိထားကြသည့် မြန်မာနိုင်ငံမှ သူနာပြုနှင့်သားဖွား (၄)ဦးကို ၂၀၂၃ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့နှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌကို ၂၀၂၅ ခုနှစ်တွင် သိပ္ပကျော်စွာဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း၊ ဂုဏ်ပြုထိုက်သည့် သူနာပြုနှင့် သားဖွားများအား စွမ်းဆောင်မှုဆိုင်ရာအလိုက် နိုင်ငံတော်အဆင့် ဂုဏ်ထူး

❖ **တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏မူဝါဒနှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(၁၅)ကျောင်းကိုလည်း သူနာပြုသိပ္ပံများအဖြစ် ထိုက်တန်သည့်အဆင့်အတန်းကို အသိအမှတ်ပြုဖွင့်လှစ်ပေးခြင်းလည်းဖြစ်၊ ထိုသို့မြှင့်တင်ပေးလိုက်ခြင်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ဒေသအလိုက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကို ပိုမိုဖြည့်စွမ်းပေးနိုင်မည်လည်းဖြစ်၊ ကျန်ရှိနေသည့် သူနာပြုနှင့် သားဖွား၊ နှီးနွှယ်သင်တန်းကျောင်း(၂၇)ကျောင်းကိုလည်း မိမိတို့အစိုးရအဖွဲ့သစ်ရက်(၁၀၀)အတွင်း၌ပင် ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ပြီးဖြစ် . . .**

❖ **နိုင်ငံ့ဝန်ထမ်းသူနာပြုများထမ်းဆောင်ရသည့်တာဝန်များနှင့် တိုးတက်လာသည့် သူနာပြုပညာရေးအပေါ်မူတည်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အခြားသောကျွမ်းကျင်ပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့် တန်းတူအသိအမှတ်ပြုချီးမြှင့်ပေးခြင်း၊ ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ပေးခြင်း၊ ထပ်ဆောင်းချီးမြှင့်ငွေပေးအပ်ခြင်းတို့ကို ချီးမြှင့်ပေးထား . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ceremony marking the inauguration of the Nursing Institute (Nay Pyi Taw) and other similar institutes in regions and states held, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing



President U Min Aung Hlaing watches the entertain show staged by instructors and trainees.



NAY PYI TAW July 16

A ceremony marking the inauguration of the Nursing Institute (Nay Pyi Taw) and other similar institutes across 14 regions and states took place at the Nay Pyi Taw institute this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were Vice President U Nyo Saw, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, departmental personnel of the ministries, principals, matrons, teachers of the institute, nurses of the Nay Pyi Taw hospital (1000 Bed), students and officials. Region/state chief ministers and officials, principals of the institutes, matrons, teachers and students attended the ceremony through video conferencing.

First, the President arrived at the Nursing Institute (Nay Pyi Taw), and was welcomed by the Union Minister for Health and officials.

At the ceremony, the Nursing Institute (Nay Pyi Taw) and the other institutes were opened simultaneously by pushing the button with the nursing lamp: the light of compassion.

The President and attendees watched the song "Nursing institute, the strength of nurses" staged by instructors and trainees of the Nay Pyi Taw institute.

In his keynote address, the President said the higher education and physical fitness of all citizens is fundamental in building a modern and developed country. Hence, a policy on health and fitness promotion of the entire country is being implemented. In doing so, provision of healthcare service that directly benefit the people and the universal health coverage has been prioritized.

The President said he has been promoting the health sector from all angles, with the conviction "Nothing matters more than life", and the current administration continues to carry out the task. However brilliant and educated, a person will not be able to shoulder the assigned duties and conduct beneficial undertakings if he is not healthy. Hence, physical and mental health of the entire people must be prioritized.

The country must train and produce more human resources for health to ensure all accessible healthcare, the foundation of uplifting health and fitness of the entire people. The country now has six medical institutions of higher learning – five universities run by the Ministry of Health and the Faculty of Medicine opened at the Naypyitaw State Academy in 2023 -- and 11 medical related universities, totalling, 17 to generate human resources for health.

Of the 15 nursing schools and midwifery schools that are taking the core duties of the healthcare, 15 were upgraded into nursing institutes today. The institutions in Nay Pyi Taw and regions and states, which opened today, have become the medical science centres vital for the development of human resources for health that can bring about skilled and nurses and midwives, with full of humanity and empathy, apart from developing the nation's health system.

As the country is generating nurses and midwives, the core of the all-accessible healthcare, it has brought about 45,245 nursing diploma holders and 42,524 midwifery diploma holders from 1962 to this date. These diploma holders are dutifully providing healthcare services as State employees.

In addition, 5,946 trainees are attending the three-year nursing-midwifery diploma course and another 1,035 trainees, the two-year all-round midwifery course opened at nursing institutes and nursing schools with the aim of enabling all to get access to healthcare in the academic year 2026. The country is producing nurses and midwives annually, and will accept 2,900 more trainees for the three-year nursing-midwifery course and 1,400 trainees for the two-year midwifery course in academic year 2027, alongside the upgrading of the nursing institutes.

A goal has been set to generate qualified nurses and midwives that can catch up with their counterparts of Southeast Asian nations, apart from increasing their population. They are being trained under the Outcome-Based Curricula that meets the international standard. According to the national education level framework, these diploma courses are only for the persons who have passed the matriculation examination. Certificate of acknowledgement that guarantees nursing and midwifery qualifications that include the eight-point international norms of the Myanmar Nurses and Midwives Council will be presented to the trainees. Moreover, trainees will get the step-by-step opportunities to attend doctorate degree courses in the country and abroad. In this regard, nursing schools have been upgraded into institutions.



President of the Republic of the Union of Myanmar U Min Aung Hlaing sprinkled scented water on the plaque.

In line with the State's policy of ensuring balanced development throughout the country, 15 nursing and midwifery training schools located in Nay Pyi Taw Union Territory, regions and states have been upgraded and officially opened as nursing institutes with recognized standards. Through this upgrade, the healthcare human resource requirements of each region and state will be better fulfilled. The remaining 27 nursing, midwifery and related training schools have also been upgraded in terms of their organizational structures as a priority within the first 100-day plan of the new government. This is not only a measure to enhance the healthcare sector but also a recognition and tribute to nurses and midwives. The President urged that solid foundations and systematic training must be provided to produce nurses and midwives who will

See Page - 21

# Tatmadaw regains control over Thantlang town and its surrounding areas, continues regional development activities



Damage to the two-storey fire services department building and the Immigration Department office buildings in Thantlang town.



Damage to the public hospital and the Department of Religious Affairs buildings in Thantlang town.

NAY PYI TAW July 16

The government has been expending funds and numerous resources to implement measures aimed at ensuring stability, peace, and comprehensive development in urban and rural areas of Chin State. However, the joint groups of terrorists and insurgents operating under the names CNF and CDF have sought to halt government administrative mechanisms in towns and villages within Chin State and to establish their own arbitrary rule. They have offered inducements under the guise of regional welfare to gain the support of local residents. In reality, however, they have instigated conflicts in towns and villages, causing significant loss of life, property, and livelihoods among the populace. Local residents have been forced to abandon their homes and become temporarily displaced, while their education, healthcare, and socio-economic conditions have deteriorated across multiple dimensions.

Furthermore, the CNF and CDF terrorist-insurgent joint groups—proxies of the NUG and CRPH terrorist organizations—have been attempting to destabilize Thantlang town in Chin State since February 2023. To disrupt government administrative mechanisms, they have employed overwhelming force and disproportionately heavy artillery against security personnel stationed in Thantlang. They have used government offices, religious buildings, schools, hospitals, and residential structures—none of which are military targets—as cover to launch attacks. Despite the security forces' courageous and resolute resistance, they sustained increasing casualties, diminishing ammunition supplies, adverse weather conditions, challenging terrain, and growing damage to local residents' homes and government buildings. As a result, they temporarily withdrew from Thantlang.



A documentary photograph showing reoccupation of an office of the Fire Services Department in Thantlang.

During the period when the terrorists and insurgents temporarily controlled Thantlang, they forcibly seized and utilized household goods and valuables from residential buildings. They also constructed bunkers, trenches, and communication tunnels within non-military targets such as government offices, religious buildings, schools, and hospitals, fortifying defensive positions to prepare for urban warfare. In response, Tatmadaw columns devised plans and conducted necessary preparations to recapture the area with minimal damage to government buildings and residential structures. Through a counter-terrorism operation, they successfully fully recaptured Thantlang town on October 29, 2023, inflicting heavy casualties on the terrorists and insurgents, who fled in disarray.

Suffering significant losses, the CNF and CDF terrorist-insurgent joint groups regrouped, replenished personnel and munitions, and launched a second assault on Thantlang on July 22, 2024, catching the security forces off guard with superior manpower and firepower. The security forces fought valiantly and determinedly to prevent the town from falling into enemy hands. However, due to the insurgents' massive reinforcements and escalating damage to civilian homes and government buildings, the security forces temporarily withdrew from certain areas within Thantlang while maintaining pressure on the enemy.

To regain control over the temporarily abandoned areas in Thantlang, Tatmadaw columns made necessary preparations and, from June 12, 2026, resolutely and tirelessly undertook operations amid numerous challenges. They successfully recaptured the township police station on June 13; Basic Education Primary School No. 3 on June 19; Basic Education High School No. 1 on July 5; the public hospital on July 8; the township fire station on July 12; and the hotel zone area on the evening of July 15. As a result, Thantlang town has now been fully recaptured and brought under

**See Page - 20►►**




Bunkers constructed by terrorist insurgents at staff quarters in a police station in Thanlang.




Bunkers constructed by terrorist insurgents in Basic Education Primary School No.3 in Thantlang.

►► From Page - 19



Bunkers constructed by terrorist insurgents in the Township People's Hospital in Thantlang.



Seizure of arms and ammunition and paraphernalia of terrorist insurgents.

complete control as of today.

As Tatmadaw columns fought back bravely step-by-step to regain control of Thantlang, they captured bodies, various weapons, ammunition, and related equipment from the joint terrorist insurgent groups during the operation period, while some security personnel noblely sacrificed their lives for the State and the Tatmadaw.


As Tatmadaw columns regained control of towns and villages temporarily dominated by terrorist insurgents in Chin State and managed to reopen communication routes, rehabilitation and relief materials are being transported in a timely manner to respective regions by military aircraft and vehicles in accordance with the guidance of the State Government to resume regional development activities as quickly as possible in those areas, while responsible officials from respective departments are also actively carrying out regional rehabilitation works.

When Tatmadaw columns completely regained control of the entire town of Thantlang, it was found that the terrorists had engaged in terrorist activities such as setting up temporary defensive bases by building bunkers, communication trenches, and foxholes inside non-military targets including government offices, religious buildings, hospitals, clinics, schools, and residential houses, and forcibly taking, using, and destroying utensils and valuables inside the houses and shops of local residents.

The terrorist organizations NUG and CRPH used various labels such as politics, race, and regional welfare to brainwash peaceful citizens with political propaganda, connected them with violence-seeking EAO groups, bred them as the so-called PDF terrorists, and ordered them to instigate battles in towns and villages across some regions and states, which in reality resulted in the destruction of towns and villages where local residents lived and forced the locals to abandon their buildings, homes, and properties to temporarily flee to areas free from fighting. At present, the public has developed a strong disgust, loathing, and hatred toward the terrorist acts of the so-called PDF terrorists, and as they can no longer tolerate them, they are actively cooperating in the Tatmadaw's regional stability and peace operations by reporting information on the movement and bases of the terrorists to nearby Tatmadaw columns.

As Tatmadaw columns have regained control of Thantlang and its surrounding areas in this manner, the local residents are greatly thankful, joyful, and proud, and it is reported that Tatmadaw columns, under the arrangement of the State Government, will cooperate and work together with responsible officials from respective departments and local residents to carry out as quickly as possible necessary regional rehabilitation works, such as providing necessary assistance for the local residents who had to temporarily flee their homes due to the battles in those areas to return and resettle in their native places, conducting mine clearance operations to ensure safety from mine hazards, repairing deteriorated infrastructure, and upgrading the socio-economic lives of local residents including education and health. **100**

# With systematic detonation of 12 storey building used in online scams/gambling in Shwe Kokko, a total of 74 illegal residential building demolished



Personnel prepare to detonate the 12-storey illegal building used in online scams/gambling in Shwe Kokko Area in Myawady District in Kayin State.



The 12-storey illegal building used in online scams/gambling to be detonated in Shwe Kokko Area in Myawady District in Kayin State. (Before demolition.)

NAY PYI TAW July 16

Illegal buildings in Shwe Kokko and KK Park in Myawady Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and another 12-storey illegal building in Shwe Kokko was systematically detonated today.

Out of 77 buildings in Shwe-Kokko Area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. Today, another 12-storey building out of 20 to be detonated was systematically levelled.

The interdepartmental teams have so far demolished 74 illegal buildings used in committing online scams/gambling and the three remaining illegal buildings will be knocked down systematically.

**100**

■■ From Page - 18

become the future healthcare human resources of the country, and that they be educated and trained to become truly competent and outstanding professionals in nursing and midwifery.

Whenever the country has faced pandemics, natural disasters and emergencies, nurses and midwives have served as frontline responders, setting aside their own safety and difficulties to protect and care for the lives and health of the people. The State deeply respects and takes pride in their dedicated efforts, sacrifices and selfless contributions. The four nurses and midwives from Myanmar who received the internationally recognized Florence Nightingale Award were conferred the Wunna Kyaw Htin title in 2023, while the President of the Myanmar Nurse and Midwife Council was awarded the Theikpa Kyaw Swa title in 2025. National-level honorary medals and titles have also been awarded annually in due recognition of the achievements and contributions of deserving nurses and midwives.

In addition, based on the responsibilities shouldered by government-employed nurses and the advancement of nursing education, starting from the 2026-2027 financial year, nurses have been granted equal recognition and benefits in line with other skilled government professionals, including salary increments according to their ranks and positions, as well as additional allowances. It is also acknowledged that the Ministry of Health has been laying a strong foundation to strengthen the "healthcare human resource structure" required by the State.



President U Min Aung Hlaing visits the library.

All nursing institutes and training schools that have been upgraded in this manner must expand classrooms in accordance with their requirements and systematically utilize facilities such as libraries, computer rooms and simulation-based practical training rooms for skills development. The curricula must also be continuously reviewed, updated and revised in line with current developments. Efforts must be made to ensure adequate recruitment and placement of teaching staff, and to adopt modern teaching methods to further enhance students' critical thinking skills, clinical competency and professionalism. It is also necessary to provide capacity-building opportunities to ensure that teaching staff and the quality of education remain at a high standard. As the future healthcare system is transforming into a technology-based system, students are encouraged to strive to improve their research skills, digital technology capabilities, ability to utilize artificial intelligence (AI) technology and English language proficiency. Likewise, all relevant stakeholders are urged to work together to maintain the good image, cleanliness, pleasant environment and beauty of the campuses. In accordance with the motto "Keep Your Campus Clean", students and staff are encouraged to enhance the reputation of their schools by maintaining a neat and attractive environment.

Especially, the President urged trainees to persistantly study nursing and midwifery professions as well as read good literary works which can broaden their scopes of knowledge. Moreover, they should never forget that the humanity, loving care, tenderness and compassion demonstrated by nurses constitute "The Art of Nursing", a professional art of caregiving that cannot be replaced by any material objects or machines. I would like to earnestly remind them to take pride in this noble profession and to respect and value it highly.

In striving for the development of the nation and the improvement of the socio-economic conditions and health of the people, "nurses" and "midwives", who provide accessible healthcare services to the public, are urged to faithfully discharge their duties and responsibilities in accordance with their dignity and professional ethics. They are also urged to provide their services with goodwill and a sense of responsibility in order to fulfil the objectives of the Ministry of Health, namely enabling every person to enjoy a long and healthy life expectancy and ensuring that everyone is free from diseases. Furthermore, they are encouraged to continuously strive from the health sector for Myanmar to stand with dignity as a modern and developed nation in the international community, and to nurture and train themselves to become qualified, outstanding and capable nurses and midwives who, with patriotism, love for the nation and unity, can contribute to the future stability, peace and development of the country.

The President and attendees watched a documentary video clip on opening of the institutes of nursing.

Afterwards, trainees from the Institute of Nursing (Nay Pyi Taw) performed the entertainment with a song "The Light of Compassion". Union Minister for Health Dr Thet Khaing Win spoke words of thanks and respectfully presented a commemorative gift marking the opening of Institute of Nursing (Nay Pyi Taw) to the President.

The President had documentary photos taken together with attendees.

The President, Vice President U Nyo Saw and Commander-in-Chief of Defence Services General Ye Win Oo sprinkled scented water on the plaque at the lecture hall of the institute.

The President and party viewed round practical and theoretical training at the library, computer pool, lecture hall, discussion room, and simulator training room of the institute and gave necessary guidance to the Union Minister for Health and officials. **Myawady**

# Vice President Daw Nan Ni Ni Aye receives Xizang Party Secretary Wang Junzheng and Delegation

NYINGCHI July 16

Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar, who is in Nyingchi (Linzhi), Xizang Autonomous Region, People's Republic of China, to attend the Fifth International Forum on Trans-Himalayan Cooperation, met this evening at the Nyingchi Rui Crown Hotel with a delegation led by Mr. Wang Junzheng, Secretary of the Party Committee of the Xizang Autonomous Region of the Communist Party of China.

During the meeting, the two sides exchanged views on expanding cooperation between Myanmar and the Xizang Autonomous Region in culture, trade, renewable energy, and investment. They also discussed promoting tourism through exchanges in Buddhist literature and cooperation in preserving historical heritage, sharing technologies in the agriculture and livestock sectors, and strengthening collaboration in traditional medicine and the micro, small and medium-sized enterprise (MSME) sector.

The meeting was attended by Deputy Ministers U Naing Min Kyaw and Dr. Thaung Naing Oo, members of the Myanmar delegation, and Mr. Wang Junzheng,




Vice President Daw Nan Ni Ni Aye receives Mr. Wang Junzheng, Secretary of the Party Committee of the Xizang Autonomous Region of the Communist Party of China.

together with officials from the Xizang Autonomous Region.

In the evening, Vice President Daw Nan Ni Ni Aye attended the welcoming dinner for the Fifth International Forum on Trans-Himalayan Cooperation, alongside heads of state, senior representatives, and delegates from participating countries.

**Myawady**


▼ **ကျောဖုံးမှအဆက်**

၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရကာ ဒေသခံပြည်သူများ၏ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများလည်း အဘက်ဘက်မှ နိမ့်ကျဆုံးရှုံးခဲ့ရသည်။

ထို့ပြင် NUG, CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံများဖြစ်သည့် CNF, CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ချင်းပြည်နယ်၊ ထန်တလန်မြို့အား အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ထန်တလန်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သာလွန်အင်အားများ၊ လက်နက်ကြီးများကို အဆမတန်အသုံးပြု၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ လူနေအဆောက်အအုံများကို အကာအကွယ်ရယူကာ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ကြံ့ကြံ့ခံခုခံခဲ့ကြသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာရရှိမှုများများပြားလာခြင်း၊ ခဲယမ်းများနည်းပါးလာခြင်း၊ ရာသီဥတုအခြေအနေ၊ နယ်မြေအခြေအနေနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာသည့်အတွက် ထန်တလန်မြို့မှ ခေတ္တဆုတ်ခွာပေးခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ထန်တလန်မြို့အား ယာယီထိန်းချုပ်ထားစဉ်အတွင်း လူနေအဆောက်အအုံများအတွင်းရှိ အသုံးအဆောင် **စာမျက်နှာ ၂၃ သို့** ▼

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ထန်တလန်မြို့နှင့်ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်။







တပ်မတော်စစ်ကြောင်းများက ဌာနဆိုင်ရာအဆောက်အအုံများအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အားဖျက်ဆီး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား ဖျက်ဆီး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။




ထန်တလန်မြို့၊ ပဆငရုံးအဆောက်အဦပျက်စီးနေမှုနှင့်အဆောက်အဦအတွင်း အကြမ်းဖက်သောင်းကျန်းသူများက ဘန်ကာများဆောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။






အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့၊ မီးသတ်ဌာနအဆောက်အဦအတွင်း ဘန်ကာများ ဆောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။










အကြမ်းဖက်သောင်းကျန်းသူများ၏လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ပွဲဖော်ဆောင်မှုများကြောင့် ထန်တလန်မြို့ အထက(၁)စာသင်ကျောင်းပျက်စီးနေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ လူနေအိမ်များအတွင်း ဘန်ကာများဆောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ အလက(၁) စာသင်ကျောင်းဆောင်များတွင် ခံစစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အတွင်း ဘန်ကာများဆောက်လုပ်ထားရှိမှုကိုတွေ့ရစဉ်။



ထန်တလန်မြို့ အလက(၁)စာသင်ကျောင်းပျက်စီးနေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ ဟိုတယ်ဇုန်အားဖျက်ဆီး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကိုတွေ့ရစဉ်။

▼ **စာမျက်နှာ ၂၂ မှအဆက်**

ပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ၌ ဘန်ကာများ၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ ပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ရန်ကြိုးပမ်းလာသောကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြို့၊ရွာများအတွင်းရှိဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်သိမ်းပိုက်ရရှိရေးတို့အတွက် စီမံချက်များရေးဆွဲကာ လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ထန်တလန်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

ထိုသို့ ထိခိုက်သေဆုံးမှုများပြားခဲ့သော CNF၊ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထန်တလန်မြို့အား ပြန်လည်တိုက်ခိုက်ရန်အတွက် လူ၊ လက်နက်ခဲယမ်းများပြန်လည်စုဆောင်းကာ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အလစ်အငိုက်ရယူကာလူအင်အား၊လက်နက်အင်အားသာလွန်စွာဖြင့် တိုက်ခိုက်လာခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထန်တလန်မြို့အား ရန်သူ့လက်သို့မကျရောက်စေရေး ကျားကုတ်ကျားခဲ ရဲရဲဝံ့ဝံ့ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လူအင်အားများအဆမတန်ဖြည့်တင်းလာခြင်း၊ ပြည်သူလူထုနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများထိခိုက်ပျက်စီးမှုများပြားလာခြင်းများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထန်တလန်မြို့အတွင်းရှိ နေရာအချို့အား ယာယီဆုတ်ခွာစွန့်လွှတ်ခဲ့ကြရပြီး ရန်သူအား ရင်ဆိုင်ထိန်းချုပ်ထားခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထန်တလန်မြို့အတွင်းရှိ ယာယီစွန့်လွှတ်ခဲ့ရသောနေရာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများအား အခက်အခဲမျိုးစုံကြားမှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထန်တလန်မြို့အတွင်းရှိ မြို့နယ်ရဲစခန်းအား ဇွန်လ ၁၃ ရက်တွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းအား ဇွန်လ ၁၉ ရက်တွင်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား ဇူလိုင်လ ၅ ရက်တွင် လည်းကောင်း၊ ပြည်သူ့ဆေးရုံအား ဇူလိုင်လ ၈ ရက်တွင်လည်းကောင်း၊ မြို့နယ်မီးသတ်ရုံးအား ဇူလိုင်လ ၁၂ ရက်တွင်လည်းကောင်း၊ ဇူလိုင်လ ၁၅ ရက်နေ့ ညနေပိုင်းတွင် ဟိုတယ်ဇုန်နေရာအား လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် ယနေ့တွင် ထန်တလန်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ်ရရှိရေးအတွက် ရွပ်ရွပ်ချွံချွံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ အလောင်းများ၊ လက်နက်မျိုးစုံ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ကြရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ ဆက်သွယ်ရေးလမ်းကြောင်းများအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အဆိုပါဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အညီ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာဒေသအလိုက် အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပေးလျက်ရှိပြီး **စာမျက်နှာ ၂၄ သို့** ▼

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့်ပတ်သက်၍ထုတ်လုပ်ခွင့်ကို Online E-submission system ဖြင့် လျှောက်ထားနိုင်



မန္တလေး ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့်ပတ်သက်၍ ပြည်တွင်း ထုတ်လုပ်ခွင့်ကို Online E–submission system ဖြင့် (www.fda.gov.mm) မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA ) ရုံးခွဲမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး FDA ရုံးအနေဖြင့် လုပ်ငန်းအမျိုးအစားများအပေါ် မူတည်၍ ခွင့်ပြုချက်များ စိစစ်ထုတ်ပေးလျက်ရှိပြီး အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာဆောင်ရွက်ပေးသွားရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဆိုပါရုံးအား ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

ထို့ပြင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများအနေဖြင့် သိရှိလိုက်နာရမည့်အချက်များ၊ လျှောက်ထားလာမှုများအား စိစစ်မှုလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာသိရှိလာစေရေးနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

## ဖလမ်းမြို့ရှိ ဒေသခံပြည်သူများ၏နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ရှိ ဒေသခံပြည်သူများ၏နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်သည်။



ဦးစွာ နိုင်ငံတော်မှထောက်ပံ့သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိနေမှုနှင့် ယာယီသိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုပြီး ထောက်ပံ့ပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိရန်၊ မြေပြင်နှင့်ကွဲလွဲမှုမရှိစေရေး၊ အလေအလွင့်မရှိစေရေးစီမံဆောင်ရွက်ကြရန်၊ အမှန်တကယ်ထောက်ပံ့ရန်လိုအပ်သည့် ဒေသခံပြည်သူများမကျန်ရှိစေရန်နှင့် အမြန်ဆုံးဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ ထိခိုက်ပျက်စီးခဲ့သည့် ဒေသခံပြည်သူများ၏နေအိမ်များအတွက် အခြေခံဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်နှင့် ရိုက်သံများကို လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အလုံးစုံပျက်စီးသွားသည့်နေအိမ်များ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့်နေအိမ်များ၊ အနည်းငယ်ပျက်စီးသွားသည့်နေအိမ်များကို နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပြင်ဆင်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားကာ ဒေသခံပြည်သူများကို အားပေးစကားပြောကြားသည်။

ဖလမ်းမြို့ တလန်လိုရပ်ကွက်၊ ဗလိုင်ရပ်ကွက်နှင့် ကျင်မွာလ်ရပ်ကွက်ရှိ အလုံးစုံပျက်စီးသွားသည့် နေအိမ် ၁၁ လုံးအတွက် ဘိလပ်မြေ ၅၅ အိတ်၊ သွပ်အချပ် ၃၃၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် နေအိမ်ကိုးလုံးအတွက် ဘိလပ်မြေ ၄၅ အိတ်၊ သွပ်အချပ် ၁၈၀၊ အနည်းငယ်ပျက်စီးသွားသည့် နေအိမ်တစ်လုံးအတွက် သွပ် ၁၀ ချပ်၊ ဖလမ်းမြို့နယ်ရဲတပ်ဖွဲ့ရှိ အဆောက်အအုံများအတွက် သွပ်အချပ် ၁၀၀၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် သွပ် ၁၁ ချပ်နှင့် ဒေသခံပြည်သူနေအိမ်များအတွက် သွပ် ၅၄ ချပ် စုစုပေါင်းဘိလပ်မြေ အိတ် ၁၀၀၊ သွပ် ၆၈၅ ချပ်နှင့် သွပ်ရိုက်သံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ထိခိုက်ပျက်စီးသွားသည့်အဆောက်အဦနှင့် နေအိမ်များအတွက် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

▼ စာမျက်နှာ၂၃ မှအဆက်

သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများကလည်း ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့တစ်ခုလုံးအား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်ပြီးချိန်တွင် အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များအတွင်း ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများ ဆောက်လုပ်၍ ယာယီခံစစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်များအတွင်းရှိ အသုံးအဆောင်ပစ္စည်းများနှင့်အဖိုးတန်ပစ္စည်းများကိုလည်း အတင်းအဓမ္မ ယူဆောင်အသုံးပြုခြင်း၊ ဖျက်ဆီးခြင်းများ စသည့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် နိုင်ငံရေး၊ လူမျိုးရေး၊ ဒေသကောင်းစားရေးဟု ခေါင်းစဉ်အမျိုးမျိုးတပ်၍ အေးချမ်းစွာနေထိုင်လျက်ရှိသောပြည်သူများအား နိုင်ငံရေးဝါဒမှိုင်းများတိုက်ကာ အကြမ်းဖက်မှုကို လိုလားသော EAO အဖွဲ့များနှင့် ချိတ်ဆက်ပေး၍ PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့၊ ရွာများ၌ တိုက်ပွဲများဖော်ဆောင်ရန် ခိုင်းစေခြင်းများကြောင့် လက်တွေ့တွင် အဆိုပါဒေသရှိ ပြည်သူလူထုနေထိုင်ရာ မြို့၊ ရွာများ ပျက်စီးခဲ့ကြရပြီး ဒေသခံများအနေဖြင့် တိုက်ပွဲကင်းလွတ်ရာနေရာများသို့ တိုက်တာ၊ အိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်၍ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။ ယခုအခါ ပြည်သူများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ရွံရှာစက်ဆုပ်မုန်းတီးမှုများ ဖြစ်ပေါ်လာပြီး ၎င်းတို့အား လက်မခံနိုင်တော့သဖြင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုသတင်းများနှင့် နေထိုင်အခြေပြုရာနေရာများကို နီးစပ်ရာတပ်မတော်စစ်ကြောင်းများထံ သတင်းပို့ခြင်းများဖြင့် တပ်မတော်၏ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်။

တပ်မတော်စစ်ကြောင်းများက ယခုကဲ့သို့ထန်တလန်မြို့နှင့် ဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက်ဒေသခံပြည်သူများအနေဖြင့် များစွာကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည့် ဒေသခံပြည်သူများအား ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်နိုင်ရေး လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ယိုယွင်းပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများမြင့်မားစေရေးတို့အတွက် လိုအပ်သည့်ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment)အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(ဇလဲ)တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀၄၄ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့တို့နှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

**နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့်မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

## ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မည်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လေဆိပ်ဓာတ်အားခွဲရုံသို့ ဓာတ်အား ဖြန့်ဖြူးပေးထားသည့်၃၃ ကေဗွီ ပျဉ်းမနား-နေပြည်တော်လေဆိပ် ဓာတ်အားလိုင်း အပြစ်ဖြစ်ပွားခဲ့ခြင်းအားပြုပြင်တည်ဆောက်ပြီးဖြစ်သဖြင့် လေဆိပ်ဓာတ်အားခွဲရုံသို့ ဓာတ်အားလိုင်း ပြန်လည်ချိတ်ဆက်ခြင်း လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်နှင့်လွတ်ကင်းမှုမရှိသည့် ၃၃ ကေဗွီ အေလာ-သာဝတ္ထိ ဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၈ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် သာဝတ္ထိမြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် ရုံးဌာနများတွင် ဓာတ်အားယာယီ ပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံ စီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီးဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့်ဖိုင်ဘာအူတိုင် အလူမီနီယမ် ဓာတ်အားလိုင်းကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို တိုင်အမှတ် (၁၁၄)နှင့် (၁၁၅) ကြားနှင့် တိုင်အမှတ် (၁၁၈)နှင့် (၁၁၉) ကြားတို့တွင်ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး - သစ်ရာကောက်ဓာတ်အားလိုင်းကို ဇူလိုင်လ ၁၇ ရက်**(ယနေ့)**မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့တို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မြဝတီ**

## သန်လျင်မြို့နယ်တွင် ဆီစားသုံးသူပြည်သူများအား စားအုန်းဆီများဖြန့်ဖြူးရောင်းချပေး

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာများရှိ ဆီစားသုံးသူပြည်သူများအား သက်ဆိုင်ရာ ဆီကိုယ်စားလှယ်များမှ စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ သန်လျင်မြို့နယ်လက်ယက်စမ်းကျေးရွာ၊ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းရွာ၊ ကျိုက်ဒေးဝါးကျောင်းအုပ်စု၊ ကျောင်းလမ်းအုပ်စု၊ မဂ္ဂင်လမ်း (၁)လမ်းမှ (၁၀)လမ်းထိအုပ်စု၊ ဆည်ဘောင်အုပ်စု၊ မာလကာစမ်းလမ်း၊ ကံဦးကျောင်းလမ်း၊ ဈေးနောက်လမ်း (၁၊ ၂၊ ၃၊ ၄)၊ ဘုရားကြီးဈေးရှိ ဆီစားသုံးသူပြည်သူများအား ယနေ့နံနက်ပိုင်းတွင် စားအုန်းဆီများကို ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာတွင် Wilmar Myanmar Edible Oils Co.,Ltd. နှင့် Resources Group Trading Co.,Ltd. တို့မှ စားအုန်းဆီရရှိသော လက်လီ/လက်ကားကိုယ်စားလှယ်များက အိမ်ထောင်စုစာရင်း၊ ဧည့်စာရင်းတို့ဖြင့် နေထိုင်သူပြည်သူများကို ဇူလိုင်လအတွက် ပထမအကြိမ် စားအုန်းဆီတစ်ပိဿာ ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် အိမ်ထောင်စုစာရင်း၊ ဧည့်စာရင်းတို့ဖြင့် နေထိုင်သူပြည်သူများအား စားအုန်းဆီတစ်ပိဿာ ထပ်မံဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ဆီစားသုံးသူပြည်သူများ စားအုန်းဆီပြတ်လပ်မှုမရှိစေရေး၊ စားအုန်းဆီဈေးနှုန်းနှင့် အလေးချိန်ပြည့်ဝစေရေး သန့်ရှင်းသောစားအုန်းဆီများအား ပြည်သူများထံ ဖြန့်ဖြူးရောင်းချပေးနေမှုများကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ကျော်ဆန်းမြင့်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၆ ရက်မှ ၁၂ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်**ကျွန်း(၂ ဒသမ ၀၇၉၀)တန်၊ သစ်မာ (၄ ဒသမ ၉၄၆၆) တန်၊ အခြား(၆၄ ဒသမ ၉၆၃၀) တန် စုစုပေါင်း (၇၁ ဒသမ ၉၈၈၆) တန်၊ ယာဉ်/ယန္တရား(၂)စီး၊ တရားခံ (၁၁) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

**မြဝတီ**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသောလူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၃၀-၇-၂၀၂၆ ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ၊

(ဃ) လေလံပုံစံရောင်းချခြင်း - ၂၄-၇-၂၀၂၆ ရက်နေ့မှ ၂၈-၇-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက်)ရုံးချိန်အတွင်း လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေ ပေးသွင်းခြင်းကို လက်ခံသွားမည်ဖြစ်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၂၄-၇-၂၀၂၆ ရက်နေ့မှ ၂၈-၇-၂၀၂၆ ရက်နေ့အထိ(ရုံးဖွင့်ရက်)နံနက်(၁၀:၀၀)နာရီမှ ညနေ (၁၆:၀၀)နာရီအထိ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း(၀၉-၅၀၉၃၄၇၁)နှင့် (၀၉-၂၅၄၀၇၃၃၀၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

**အမည်ပြောင်း**
မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သပြေပင်အုပ်စု၊ သပြေပင်ကျေးရွာနေ အဘ ဦးအောင်ဇေယျာ ၈/အလန(နိုင်)၂၆၉၁၂၈ ၏သား မောင်ခွန်းဆက်အောင်အား မောင်ခန့်ဇေယျာဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်ဇေယျာဟိန်း**

**အမည်ပြောင်း**
ပဲခူးမြို့နယ်၊ ဘုရားကြီး အ.ထ.က၊ Grade-7 မှ အဘ ဦးစိုးမင်း ၇/ပခန(နိုင်)၄၇၁၃၂၀ ၏သမီး မချစ်မြတ်နိုးဦးအား မချစ်မြတ်မိုးဦးဟုပြောင်းလဲခေါ်ဆိုပါရန်။
**မချစ်မြတ်မိုးဦး**

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်အောင်(ဘ)ဦးဖိုးစိန် ၁၄/ကပန(နိုင်) ၁၄၇၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရန်လောက်ချိ(ဘ)ဦးရန်ဆုံးဖာ ၉/ပဥလ(နိုင်)၀၉၁၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 057331)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ဖခင်အမည်မှန်**
မှော်ဘီမြို့နယ်၊ အ.ထ.က(၂) Grade-12 S2B မှ မောင်ပြည့်ဖင်ကို၏ဖခင် ဦးအောင်နိုင်ဦး၏အမည်မှန်မှာ ၁၂/မဘန(နိုင်)၁၃၆၃၃၉ ကိုင်ဆောင်သူ ဦးနိုင်ဦးဖြစ်ပါကြောင်း။
**ဦးနိုင်ဦး**

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာ အထက်တန်းကျောင်း၊ Grade-12 မှမိပိုင်လရင့် ၃/ဘအန(နိုင်)၅၆၅၅၀၉ ၏ဖခင်အမည်မှန်မှာ ဦးမင်းမွန်ဥဏ် ၃/ဘအန(နိုင်)၁၄၈၆၈၉ ဖြစ်ပါကြောင်း။ **ဦးမင်းမွန်ဥဏ်**

**ပျောက်ဆုံးကြောင်း**
သိန်းထိုက်ကျော်(ဘ)ဦးအောင်ကျော်မြင့် ၅/ရဥန(နိုင်)၁၃၀၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၅၅၃၃၈၀

**ပျောက်ဆုံးကြောင်း**
ဝေဝေထွန်း(ဘ)ဦးဇော်ထွန်းဦး ၉/ပသက(နိုင်)၁၂၇၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၀၅၅၇၈၆

**ပျောက်ဆုံးကြောင်း**
အေးအေးသူ(ဘ)ဦးနိုင်ဝင်း ၁၄/ဘကလ(နိုင်) ၁၁၇၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 781019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၆၁၉၉၆၉

**ပျောက်ဆုံးကြောင်း**
အောင်မင်းသူ(ဘ)ဦးအောင်ဇော်ဝင်း ၁၂/ဥကမ(နိုင်)၂၃၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 073306)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၄၀၀၆၃၀

**ပျောက်ဆုံးကြောင်း**
မျိုးနိုင်ထွေး(ဘ)ဦးအံပို ၆/မမန(နိုင်)၂၁၄၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဝင်းဇော်ထွေး(ဘ)ဦးယုတင် ၁၂/သကတ(နိုင်)၁၇၂၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၈၁၇၀၃၂

**ပျောက်ဆုံးကြောင်း**
နန်းနွံ(ဘ)စိုင်းအိုက်ယီ ၁၃/မကန(နိုင်)၀၆၇၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၉၇၉၆၁၉

**ပျောက်ဆုံးကြောင်း**
ဖြိုးဖြိုးဝင်း(ဘ)ဦးစိန်သန်း ၈/စလန(နိုင်)၂၆၇၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
**လူမှုရေး/စီးပွားရေးကြော်ငြာများ**
(30 % Discount Off)
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း)တို့တွင်လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာသင်တန်းတက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ၊ ဟုမ္မလင်း)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(B.A.Sc)သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို စိုက်ပျိုးရေးအတတ်ပညာနှင့်မွေးမြူရေးအတတ်ပညာဖြင့် အောက်ပါအတိုင်းအောင်မြင်သူများဖြစ်ရမည်။

(၁) စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို လျှောက်ထားလိုသူများသည် စိုက်ပျိုးရေးအတတ်ပညာကို Grade(A)(ထူးချွန်စွာအောင်မြင်ခြင်း)နှင့် Grade(B)(အဆင့်မီအောင်မြင်ခြင်း)ဖြင့် အောင်မြင်သူများဖြစ်ရမည်။

(၂) မွေးမြူရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် မွေးမြူရေးအတတ်ပညာကို Grade(A)(ထူးချွန်စွာအောင်မြင်ခြင်း)နှင့် Grade(B)(အဆင့်မီအောင်မြင်ခြင်း)ဖြင့် အောင်မြင်သူများဖြစ်ရမည်။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)ကို အောက်ပါအတိုင်းအောင်မြင်သူများဖြစ်ရမည်။

(၁) စိုက်ပျိုးရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)တွင် **ဓာတုဗေဒ၊ ရူပဗေဒ**ဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲများဖြင့်ဖြစ်စေ အောင်မြင်သူများဖြစ်ရမည်။

(၂) မွေးမြူရေးဒီပလိုမာသင်တန်းကိုလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)တွင် **ဇီဝဗေဒ**ဘာသာတွဲဖြင့် အောင်မြင်သူများဖြစ်ရမည်။

(ဃ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)ကို မည်သည့်ဘာသာတွဲဖြင့်ဖြစ်စေ အောင်မြင်သူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)တွင် စိုက်ပျိုးရေးဒီပလိုမာ ပထမနှစ်သင်တန်းသို့လျှောက်ထားနိုင်သည်။ (လျှောက်ထားသူသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသခံဖြစ်ရမည်။)

( င ) လျှောက်ထားသူများအနက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာအရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။

( စ ) လျှောက်လွှာပိတ်ရက်(၁၄-၈-၂၀၂၆)ရက်နေ့တွင် အသက်(၂၂)ထက်မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်။

(က) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်/တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)

( ခ ) (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်အောင်မြင်သူများအတွက် Grade(A)(သို့မဟုတ်)Grade(B)ဖြင့်အောင်မြင်ကြောင်းထောက်ခံချက်

(၂) တက္ကသိုလ်ဝင်စာမေးပွဲ(KG+12)အမှတ်စာရင်း(မိတ္တူ)(ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

( ဂ ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့)ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်(မူရင်း)

( င ) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

( စ ) လိုင်စင်ဓာတ်ပုံ(နောက်ခံအပြာရောင်ဖြင့်)(၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ (၁၄-၈-၂၀၂၆)ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ နီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူလျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | |
| | အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါကအုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------------- ခုနှစ်၊ -------------------- လ၊ -------------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ------------- တိုင်းဒေသကြီး/ပြည်နယ်------

---------------------------------------------------------------------------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ---------------------------------------------------

---------------------------------------------------------------------------

၅။ လျှောက်ထားလိုသော ဒီပလိုမာသင်တန်းအမည် -----------------------------------

၆။ တက်ရောက်လိုသောစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် ---------------------

----------------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ------------------

**ပျောက်ဆုံးကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်(၁၃)လမ်းနေ အောင်ကိုဝင်း(ဘ)ဦးသန်းဝင်း ၇/ဖမန(နိုင်)၁၉၅၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၂၂၄၀၂၀၂

# ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၄၇/မမ/CE | **တိုင်းအမှတ်(၃)၊ မန္တလေး**<br>တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ ပြင်ဦးလွင်ဘူတာနယ်မြေအတွင်း (၆)ခန်းတွဲ(၄)ထပ်တိုက်(၁)လုံးတည်ဆောက်ခြင်း၊ (17376 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၁) |
| ၂ | ၂၄၈/မမ/CE | တိုင်းအမှတ်(၃)၊ မန္တလေးနယ်မြေ၊ ပြင်ဦးလွင်ဘူတာနယ်မြေအတွင်း (၆)ခန်းတွဲ(၄)ထပ်တိုက်(၁)လုံးတည်ဆောက်ခြင်း၊ (17376 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၂) |
| ၃ | ၂၄၉/မမ/CE | မန္တလေးဘူတာ၌ ရထားသွားလာရေးထိန်းချုပ်မှုအဆောက်အဦအသစ်တည်ဆောက်ခြင်း (20.5 m x 6.5 m)(R.C ၃ထပ်) |
| ၄ | ၂၅၀/မမ/CE | မြစ်ငယ်စက်ရုံ Type-I ပျဉ်ထောင်၊ ပျဉ်ခင်း(၆)ခန်းတွဲ(၄၂)လုံးပြုပြင်ခြင်း(1692 Sft) |
| ၅ | ၂၅၁/မမ/ CE | **တိုင်းအမှတ်(၁၁)၊ ပုဂံ**<br>တိုင်းအမှတ်(၁၁)၊ ပုဂံနယ်မြေ၊ တောင်တွင်းကြီးဘူတာယာဒ်ဝင်းအတွင်း (၆)ခန်းတွဲ(၂)ထပ်တိုက်(၁)လုံးတည်ဆောက်ခြင်း၊ (8688 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၁) |
| ၆ | ၂၅၂/မမ/CE | တိုင်းအမှတ်(၁၁)၊ ပုဂံနယ်မြေ၊ တောင်တွင်းကြီးဘူတာယာဒ်ဝင်းအတွင်း (၆)ခန်းတွဲ (၂)ထပ်တိုက်(၁)လုံးတည်ဆောက်ခြင်း၊ (8688 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(တိုက်အမှတ်-၂) |
| ၇ | ၂၅၃/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ရန်ကုန်မြို့ပတ်ရထားလမ်းတွင် အုတ်ခြံစည်းရိုးကာရံခြင်း(၁၈၉၂-ပေ) |
| ၈ | ၂၅၄/မမ/CE | **တိုင်းအမှတ်(၅)၊ တောင်ငူ**<br>တောင်ငူဘူတာနှင့် ရေနီဘူတာကြားရှိ တံတားအမှတ်(၂၇၈)(၃၀၆)(၃၁၉)(၃၂၀)(၃၂၅)(၃၃၀)တို့တွင် ရထားလမ်းတာပေါင်မြေနှင့် လမ်းခင်းကျောက်များလျှောကျမှုမရှိစေရန် Retaining Wall တည်ဆောက်ခြင်း(၁၄၀၀-ပေ) |
| ၉ | ၂၅၅/မမ/CE | **တိုင်းအမှတ်(၈)၊ မော်လမြိုင်**<br>မော်လမြိုင်ဘူတာသစ်ကြီးတွင် ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ(၄)ထပ်(၁)လုံးတည်ဆောက်ခြင်း၊ တိုက်အမှတ်(၁)(17376 Sft) |
| ၁၀ | ၂၅၆/မမ/CE | **တိုင်းအမှတ်(၅)၊ တောင်ငူ**<br>ပျော်ဘွယ်ဘူတာယာဒ်ဝင်း Chain Link ခြံစည်းရိုးကာရံခြင်း(၃၁၄၈-ပေ)၊ ရမည်းသင်းဘူတာယာဒ်ဝင်း Chain Link ခြံစည်းရိုးကာရံခြင်း(၃၈၁-ပေ)နှင့် အင်ဂျင်နီယာမှူး(မြို့ပြ)နေအိမ် Chain Link ခြံစည်းရိုးကာရံခြင်း(၄၄၈-ပေ)(RC တိုင်၊ (7'-6")အမြင့်၊ သွပ်ဆူးကြိုး (1'-6")အပါ) စုစုပေါင်း(၃၉၇၇-ပေ) |
| ၁၁ | ၂၅၇/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>တည်ငံးကုန်းဘူတာအသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၁၂ | ၂၅၈/မမ/CE | **တိုင်းအမှတ်(၁၁)၊ ပုဂံ**<br>ပုဂံဘူတာ(မြို့ပြ၊ သွားလာ၊ ရဲ)ဝန်ထမ်းများအတွက် (၄)ခန်းတွဲ(၂)လုံးတည်ဆောက်ခြင်း(မိလ္လာအပါ) (2 x 2800 Sft)(Brick Pucca) |
| ၁၃ | ၂၅၉/မမ/CE | **(1"x1$^{1/2}$")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၈၁၅၀)ကျင်းနှင့် ချီပင်ကျောက်(၅၅၀)ကျင်းအား အောက်ပါ(ဘူတာ/ကျောက်စုပုံကွင်း)အရောက်ဝယ်ယူရန်**<br>(1"x1$^{1/2}$")ကျောက်(ထီဖောင်းအလယ်ရွာ= ၁၅၀ ကျင်း၊ ထုံးဖို= ၈၀၀၀ ကျင်း၊ ချီပင်ကျောက်(ဥဿျစ်ပင်ကွန်ဖားစက်ရုံ= ၅၅၀ ကျင်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၃၁-၇-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇-၇-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-294352, 291994**

**အမည်ပြောင်း**

ဆီဆိုင်မြို့၊ အ.ထ.က နောင်မွန်ကျောင်း Grade-10 မှ ပညာသင်ကြားနေသော အဘ ဦးတိကွံ၏သမီး နန်းလောက်လေးအား နန်းရက်ခမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းရက်ခမ်း**

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(ကန်လှ) Grade-8 မှ မောင်ဟိန်းဝေယံ၏ဖခင်အမည်မှန်မှာ ဦးတင်မောင်စိုး ၉/လဝန(နိုင်)၁၆၂၅၀၆ ဖြစ်ပါကြောင်း။

**ဦးတင်မောင်စိုး**

**မိခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(၁)၊ Grade-12 မှ မစည်းဇိမ်သူ၏မိခင်အမည်မှန်မှာ ဒေါ်အေးစုလှိုင် ၉/လဝန(နိုင်)၁၅၁၉၀၁ ဖြစ်ပါကြောင်း။

**ဒေါ်အေးစုလှိုင်**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6(A-1) တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ကိုကို၏ဖခင်အမည်မှန်မှာ ဦးမင်းအောင် ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း Grade-5 မှ မနှင်းသဇင်၏ဖခင်အမည်မှန်မှာ ဦးသက်ဟိန်းဝင်း ၁၀/မလမ(နိုင်)၁၇၂၅၂၉ ဖြစ်ပါကြောင်း။

**ဦးသက်ဟိန်းဝင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ အင်ကြင်းတောင်ကျေးရွာနေ မသက်မွန်အေး၏ဖခင် ဦးမောင်အေးနှင့် ဦးအေး ၅/ကမန(နိုင်)၀၂၃၈၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးအေး**

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာခုချောင်းကျေးရွာအုပ်စု၊ အ.ထ.က(ခွဲ)ဆုံကုန်းကျောင်း Grade-12 မှ မောင်ကြယ်စင်လင်းနှင့် Grade-7 မှ စောနေဇင်လင်းတို့၏မိခင်အမည်မှန်မှာ ဒေါ်ဝင်းမော် ၁၄/ဇလန(နိုင်)၁၂၈၀၈၄ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းမော်**

**ပျောက်ဆုံးကြောင်း**

မြတ်ဝတ်ရည်ခိုင်(ဘ)ဦးမြခိုင် ၁၂/ကမန(နိုင်)၁၃၃၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ရဲအောင်(ဘ)ဦးခင်မောင်သန်း ၈/မဘန(နိုင်)၁၅၃၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၅၃၅၉၈၉**

**ဖခင်အမည်မှန်**

ရေတာရှည်မြို့နယ်၊ အ.ထ.က(သာဂရ) Grade-12(B) မှာ ပညာသင်ကြားနေသော မအိရွှေစင်၏ဖခင်အမည်မှန်မှာ ဦးဖိုးဖြူ ၇/ရတရ(နိုင်)၁၁၄၀၉၆ ဖြစ်ပါကြောင်း။

**ဦးဖိုးဖြူ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၄)ကျိုင်းတုံ Grade-6 မှ မဆောင်းဟေကို၏ဖခင် ဦးအောင်စိုးနှင့်ဦးဖိုးလုံး ၉/လဝန(နိုင်)၂၇၉၀၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်စိုး(ခ)ဦးဖိုးလုံး**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိသဇင်ဦး ၃/ဘအန(နိုင်)၅၆၅၅၁၃ ၏ဖခင်အမည်မှန်မှာ ဦးမင်းခင်ဇော် ၃/ကကရ(နိုင်)၂၀၆၂၇၉ ဖြစ်ပါကြောင်း။

**ဦးမင်းခင်ဇော်**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိဖြူဖြူအောင် ၃/ဘအန(နိုင်)၅၆၅၅၀၂ ၏ဖခင်အမည်မှန်မှာ ဦးရှိန် ၃/ဘအန(နိုင်)၀၄၁၃၆၇ ဖြစ်ပါကြောင်း။

**ဦးရှိန်**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မိဝတ်ရည်ဖူး ၃/ဘအန(နိုင်)၅၆၅၄၉၂ ၏ ဖခင်အမည်မှန်မှာ ဦးမင်းခေါဉာဏ် ၃/ဘအန(နိုင်)၃၀၆၂၈၆ ဖြစ်ပါကြောင်း။ **ဦးမင်းခေါဉာဏ်**

## ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ



စပိန်အသင်းဂိုးသမားအူနိုင်းဆိုင်မွန်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြောက်ပွဲအထိဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပြိုင်ပွဲတစ်ခုအတွင်း ဂိုးမပေးရသည့်ပွဲပေါင်း ခြောက်ပွဲရှိလာသည့် ပထမဆုံးဂိုးသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အကောင်းဆုံးရွှေလက်အိတ်ဆုကိုလည်း ဆွတ်ခူးနိုင်မည်ဖြစ်ကာ အုပ်စုပွဲစဉ်များမှစတင်ပြီး ဗိုလ်လုပွဲအထိ ပေးဂိုး တစ်ဂိုးတည်းသာ ခွင့်ပြုခဲ့ရသည်အထိ အကောင်းဆုံးလက်စွမ်းပြလျက်ရှိသည်။

— — — — —



၂၀၂၆ ခုနှစ်အတွက် ချီးမြှင့်ပေးအပ်မည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု အဆင့်သတ်မှတ်ချက်တွင် ပြင်သစ်အသင်းမှ ဒမ်ဘီလီနှင့် အမ်ဘတ်ပီတို့က အဆင့်(၁)နှင့် (၂)နေရာ၌ ရပ်တည်နေသော်လည်း ၎င်းတို့အနေဖြင့် ပြင်သစ်အသင်းနှင့်အတူ ဗိုလ်လုပွဲနှင့်လွဲချော်ပြီးနောက် ပြိုင်ပွဲအပြီးတွင် အဆင့်သတ်မှတ်ချက်အပြောင်းအလဲများရှိလာနိုင်ပြီး အဆင့်(၃)နေရာ၌ ရပ်တည်နေသည့် စပိန်အသင်းမှ ယာမယ်အနေဖြင့် စပိန်အသင်းနှင့်ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့်အတွက် ယခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် အလားအလာကောင်းမွန်နေသည်။

— — — — —



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရုဂွေးအသင်းနှင့်ပူးပေါင်းစဉ် ပြင်းထန်သည့်ဒူးဒဏ်ရာရရှိခဲ့သည့် မန်ယူအသင်းကစားသမား အူဂါတေးအနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုခံယူရာ အောင်မြင်ခဲ့သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးကိုးလခန့် ကာလရှည်အနားယူရမည်ဖြစ်သည်။ မန်ယူအသင်းက အစောပိုင်းက အူဂါတေးအား ရောင်းချရန်စီစဉ်ထားသော်လည်း လက်ရှိတွင် ဒဏ်ရာကြောင့်အနားယူရမည်ဖြစ်ပြီး ခေါ်ယူမည့်အသင်းမရှိဖြစ်နေသည့်အတွက် အသင်းတွင် တစ်ရာသီဆက်လက်ထိန်းထားပြီး လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလမှသာ ရောင်းချနိုင်မည်ဖြစ်သည်။

# အင်္ဂလန်အသင်းကို အနိုင်ရရှိပြီး လက်ရှိချန်ပီယံအာဂျင်တီးနားအသင်း နှစ်ကြိမ်ဆက် ကမ္ဘာ့ဖလားပြိုင်ပွဲဗိုလ်လုပွဲသို့တက်ရောက်

စည်သူအောင်



| ပွဲအချက်အလက် | အင်္ဂလန် | အာဂျင်တီးနား |
|---|---|---|
| ဘောလုံးပိုင်ဆိုင်မှု | ၃၆% | ၆၄% |
| ဂိုးကန်သွင်းမှုပေါင်း | (၅)ကြိမ် | (၁၅)ကြိမ် |
| ဂိုးပေါက်တည့် | (၂)ကြိမ် | (၅)ကြိမ် |
| အဝါကတ် | (၁)ကြိမ် | (၃)ကြိမ် |
| အနီကတ် | မရှိ | မရှိ |
| ထောင့်ကန်ဘော | (၁)ကြိမ် | (၆)ကြိမ် |
| ပြစ်ဒဏ်ဘော | (၁၁)ကြိမ် | (၁၅)ကြိမ် |
| ပြိုင်ဘက်ဂိုးဧရိယာအတွင်းထိတွေ့မှု | (၇)ကြိမ် | (၂၈)ကြိမ် |

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် အင်္ဂလန်အသင်းတို့ကစားရာ အာဂျင်တီးနားအသင်းက နောက်ကျသွင်းဂိုးများဖြင့် ၂ ဂိုး – ၁ ဂိုးဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားပြိုင်ပွဲဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးကစားမှုများရှိခဲ့သော်လည်း နှစ်သင်းစလုံး အမှားအယွင်းမခံဘဲ ထိန်းချုပ်ကစားခဲ့ကြသည့်အတွက် ပထမပိုင်းအပြီးတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အာဂျင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူရန် ကြိုးစားခဲ့သော်လည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂေါ်ဒွန်က အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းက ချေပဂိုးပေးခဲ့ရပြီးနောက် ပြိုင်ဘက်အင်္ဂလန်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအနည်းငယ်သာပေးခဲ့ပြီး တိုက်စစ်ဆင်ဖိအားပေးကစားချိန်တွင် အင်္ဂလန်အသင်းနည်းပြ တူချယ်က ကွင်းလယ်နှင့်တိုက်စစ်ကစားသမားများကိုထုတ်ပြီး ခံစစ်ကစားသမားများနှင့်လူစားလဲကာ ခံစစ်ပိုင်းပိတ်ဆို့ကစားရန် ဆုံးဖြတ်ခဲ့သည်။


အလားတူ အာဂျင်တီးနားအသင်းကလည်း တိုက်စစ်ကစားသမားများထည့်သွင်းပြီး တိုက်စစ်ပိုင်းကို ပိုမိုမြှင့်တင်ခဲ့ရာမှ ပွဲချိန် ၈၅ မိနစ်တွင် အန်ဇိုဖာနန်ဒက်က အာဂျင်တီးနားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၂ မိနစ်တွင်လည်း လူစားဝင်ကစားသမား မာတီနက်ဇ်က အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အင်္ဂလန်အသင်းနည်းပြ တူချယ်၏နည်းစနစ်အမှားနှင့် ဆုံးဖြတ်ချက်အမှားများကြောင့် အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်အဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည်။

အာဂျင်တီးနားအသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဇွန်လ ၂၀ ရက်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

# ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲအများဆုံးကိုင်တွယ်ခွင့်ရရှိသည့်နည်းပြအဖြစ် ပြင်သစ်အသင်းနည်းပြ ဒက်ချမ့် ထိပ်ဆုံး၌ရပ်တည်

ပဲရစ် ဇူလိုင် ၁၆

ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂျာမနီအသင်းဂန္ထဝင်နည်းပြကြီး ချက်ဟွန်းအားတစ်ပွဲအသာဖြင့်ကျော်ဖြတ်ပြီး ပွဲအရေအတွက်အများဆုံး ကိုင်တွယ်ခွင့်ရရှိသည့်နည်းပြအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။



နည်းပြ ဒက်ချမ့်သည် ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ပြီးနောက် ပြင်သစ်အသင်းနှင့်အတူ စုစုပေါင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၂၆ ပွဲအထိရှိလာပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပွဲအရေအတွက်အများဆုံးကိုင်တွယ်ခွင့်ရရှိသည့်နည်းပြအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဒက်ချမ့်သည် ၂၀၁၂ ခုနှစ်ကစတင်ပြီး ပြင်သစ်အသင်းကို ကာလရှည်တာဝန်ယူကိုင်တွယ်ခဲ့ကာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်သကဲ့သို့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းကို ဗိုလ်လုပွဲသို့ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ကာ အာဂျင်တီးနားအသင်းကိုရှုံးနိမ့်ပြီးနောက် ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အလားတူ နည်းပြ ဒက်ချမ့်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းကို ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်အောင် ထပ်မံစွမ်းဆောင်ပေးနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်ဆက်တက်ရောက်နိုင်မည့် ပထမဆုံးနည်းပြအဖြစ် နီးစပ်ခဲ့သော်လည်း စပိန်အသင်းကိုရှုံးနိမ့်ပြီးနောက် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ပြီး တတိယနေရာလုပွဲသာ ကိုင်တွယ်ရမည်ဖြစ်သည်။

နည်းပြ ဒက်ချမ့်နှင့် ပြင်သစ်အသင်းတို့စာချုပ်သက်တမ်းမှာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကုန်ဆုံးမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် လမ်းခွဲမည်ဖြစ်သောကြောင့် နည်းပြဒက်ချမ့်အတွက် ပြင်သစ်အသင်းနည်းပြအဖြစ် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယနေရာလုပွဲကို နောက်ဆုံးတာဝန်ယူကိုင်တွယ်ရမည်ဖြစ်သည်။ ပြင်သစ်အသင်းနည်းပြသစ်အဖြစ် နည်းပြဇီဒန်း ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref:365Scores*

# မြစ်ကြီးနားမြို့နှင့် မြိတ်မြို့တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဇူလိုင် ၁၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍လူမျိုးဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်ပုံရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အေးချမ်းသာယာပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော် ၇၅ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်







ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု




နေပြည်တော် ဇူလိုင် ၁၆

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၁၂ ထပ်အဆောက်အအုံ ၁ လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၄ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့်ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၃ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။




(၁၀၀)

➤ ကျောဖုံးမှအဆက်

တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့တွင် နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ တိုင်းရင်းဆေးနှင့် MSME ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဒေါက်တာသောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါတီအတွင်းရေးမှူးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဖိုရမ်သို့တက်ရောက်လာကြသည့်နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ ပဥ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကြိုဆို ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၇-၇-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာတေးသံသာ ကာလပေါ်တေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များစုပေါင်း၍ **"ရွှေမိုးပန္နက်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၇-၇-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ရွှေမိုးပန္နက်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဆင်ကြီးဂဠုန်ချီ | ပြင်ပအဆိုရှင် |
| ၂။ | မင်္ဂလာနံနက်ခင်း | ပြင်ပအဆိုရှင် |
| ၃။ | ရွှေမင်းဂံ | ပြင်ပအဆိုရှင် |
| ၄။ | ထန်းရွက်ပုတီး | ပြင်ပအဆိုရှင် |
| ၅။ | ရွှေမိုးပန္နက် | ပြင်ပအဆိုရှင် |
| ၆။ | သူဌေးဝါဒ | ပြင်ပအဆိုရှင် |
| ၇။ | ရွှေအိုးစည် | ပြင်ပအဆိုရှင် |
| ၈။ | လက်ရည်တပြင်တည်း | ပြင်ပအဆိုရှင် |
| ၉။ | သဲကြီးမဲကြီး | ပြင်ပအဆိုရှင် |
| ၁၀။ | အောင်ပင်လယ် | ပြင်ပအဆိုရှင် |

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဒေါက်တာဆွေဆွေအောင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ Protection Coordinator Mr. Sebastien Bole Besancon နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ICRC ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**



# ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I–3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လွှတ်တော်တွင် ဖြေကြားထားသည့် ကတိ၊ ကဝတ်ဖြစ်ထားသော လုပ်ငန်းများ၏ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်နေဆဲအခြေအနေနှင့် ကျန်ရှိနေသည့်လုပ်ငန်းများကို မှတ်တမ်းတင်ထားရှိသွားမည်ဖြစ်ပြီး လွှတ်တော်သို့ ပြန်လည်အစီရင်ခံစာတင်သွင်းသွားရေး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ခံများက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဖြင့် ရှင်းလင်းတင်ပြဆွေးနွေးပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများက လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆောင်ရွက်ရန်ကျန်ရှိနေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များကို ပြန်လည်သုံးသပ် အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန(၁၆)ခုမှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# တောင်ငူအထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တွေ့ဆုံပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်ငူအထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တွေ့ဆုံပွဲကျင်းပသည်။



ထိုသို့တွေ့ဆုံရာတွင် အခြားမြို့နယ်များ၏စံပြဖြစ်စေရေး စိုက်ပျိုးရေးနှင့် ပတ်သက်၍ Export Zone များတွင် တန်ဖိုးမြှင့်ပေါ်ဆန်းစပါးများ စဉ်ဆက်မပြတ် စိုက်ပျိုးသွားနိုင်ရေးနှင့် မျိုးစပါးလုံလောက်မှုရှိစေရေး၊ ဒေသတွင်းလအလိုက် သတ်မှတ်ထားသည့်အတိုင်း တိုးချဲ့မွေးမြူနိုင်ရေး၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးမူလတန်းမှစ၍ အခြေခံပညာရေးစနစ် ကောင်းမွန်စေရေးနှင့် ကျောင်းနေသူတိုင်း ကျောင်းနေပျော်ပြီး တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း တိုးတက်လာစေရေး အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက တောင်ငူအထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# သန်လျင်မြို့ရှိ နတ်သျှင်နောင်အထိမ်းအမှတ်ဂူ၊ ဝန်ကြီးပဒေသရာဇာ အထိမ်းအမှတ်ဂူနှင့် ပေါ်တူဂီဘုရားရှိခိုးကျောင်းဟောင်းတို့အား ပြုပြင်ထိန်းသိမ်း

**ရန်ကုန် ဇူလိုင် ၁၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ တောင်ငူခေတ် စာဆိုတော်နတ်သျှင်နောင် အထိမ်းအမှတ်ဂူ၊ မြန်မာ့စာပေသမိုင်းတွင် ထင်ရှားလှသည့် ညောင်ရမ်းခေတ်စာဆိုတော်ဝန်ကြီးပဒေသရာဇာ၏ အထိမ်းအမှတ်ဂူဗိမာန်နှင့် သန်လျင်မြို့ ရေနံရပ်ကွက်ရှိ ပေါ်တူဂီဘုရားရှိခိုးကျောင်းဟောင်းတို့အား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများနှင့် သမိုင်းဝင်နေရာများသည် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များဖြစ်၍ မူလလက်ရာမပျက်စေရန် အထူးဂရုပြုထိန်းသိမ်းကြရန်၊ သမိုင်းဝင်နေရာများကိုအခြေခံ၍ ပြည်တွင်းပြည်ပမှ လာရောက်လေ့လာနိုင်သည့်"စာပေအခြေခံ ခရီးသွားလုပ်ငန်း"နှင့် ဘာသာရေးဆိုင်ရာ ဘုရားဖူးခရီးစဉ်များကို ပိုမိုဆွဲဆောင်မြှင့်တင်နိုင်ရေးအတွက် စနစ်တကျဝိုင်းဝန်းဖော်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# JOB VACANCY ANNOUNCEMENT(အလုပ်ခေါ်စာ)

## Aung Than Htike Agricultural Development Co.,Ltd.

## (A Subsidiary of Myanmar AnBang Investment Group)

"မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပပို့ကုန်နှစ်ဆမြှင့်တင်ရန်"အတွက် **Myanmar AnBang Investment Group** ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့်၊ ရုရှားနိုင်ငံ **ROSCONGRESS RC–INVESTMENTS** နှင့် အကျိုးတူပူးပေါင်းထားသော **Aung Than Htike Agricultural Development Co.,Ltd.** မှ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်ဝပြီး လုပ်ငန်းအတွေ့အကြုံရင့်ကျက်သည့် Qualified ဖြစ်သောပညာရှင်များနှင့်အရာရှိများကို အောက်ပါလစ်လပ်ရာထူးနေရာများအတွက် ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

**(က) Chief Financial Officer(CFO)–(1)Post**

- **တာဝန်များမှာ** Myanmar AnBang Investment Group ၏စီမံကိန်းအတွင်း အကောင်အထည်ဖော်တည်ဆောက်သွားမည့် ဆန်စက်၊ Trade Center၊ Bonded Warehouse၊ Solar Plant နှင့် Logistics လုပ်ငန်းများ၏ Financial Stability နှင့် Profitability ရရှိအောင် အဓိကထားဦးဆောင်လုပ်ကိုင်ရမည်ဖြစ်ပြီး Bachelor's Degree(Finance/Accounting/Economics), MBA/CPA/ACCA ဘွဲ့ရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ(၈ နှစ်မှ ၁၂ နှစ်)ရှိသူဦးစားပေးမည်။

**( ခ ) Chief Executive Officer(CEO)–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏ဦးဆောင်သူအဖြစ် စီမံကိန်းကြီးတစ်ခုလုံးအောင်မြင်စေရန် ရေရှည်မဟာဗျူဟာမြောက်စီမံချက်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးတိုးတက်မှု(Business Growth)တို့ကိုစီမံခန့်ခွဲပြီး(Board of Directors/Chairman)ထံတိုက်ရိုက်အစီရင်ခံတင်ပြ၍ ကုမ္ပဏီ၏ ဝင်ငွေ၊ ထွက်ငွေ၊ အမြတ်အစွန်းနှင့် နိုင်ငံတကာကုန်သွယ်မှုကွန်ရက်ကျယ်ပြန့်လာအောင်ဦးဆောင်ရမည်။ စီးပွားရေးစီမံခန့်ခွဲမှု(Business Adminstration)၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု(International Trade)(သို့)သက်ဆိုင်ရာဘွဲ့၊ MBA(သို့)ပါရဂူဘွဲ့(Ph.D.)ရှိသူဖြစ်ပြီး CEO, Managing Director(သို့)Executive level တွင် အနည်းဆုံး(၁၅)နှစ်အထက်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

**( ဂ ) Chief Operation Officer(COO)–(1)Post**

- **တာဝန်များမှာ** စီမံကိန်း၏ Operations ပိုင်းအားလုံးကိုတာဝန်ယူပြီး (Productivity)တိုးတက်ရန်နှင့် End–to–end supply chain တစ်ခုလုံး ထိန်းချုပ်ကွပ်ကဲနိုင်ရမည်။ Engineering, Operations သို့မဟုတ် Supply Chain နှင့်သက်ဆိုင်သည့်ဘွဲ့ရရှိထားသူ(MBA ရှိသူဦးစားပေးမည်)။ လုပ်ငန်းအတွေ့အကြုံ(၁၀ နှစ်မှ ၁၅ နှစ်)ရှိရမည်။

**(ဃ) Head of Trade(Export/Import)–(1)Post**

- **တာဝန်များမှာ** Trade Center နှင့် ပို့/သွင်းကုန်လုပ်ငန်းစဉ်အားလုံးကိုဦးဆောင်ပြီး Business Volume နှင့် Revenue တိုးတက်အောင်စီမံခန့်ခွဲနိုင်ရမည်။ International Trade, Economics(သို့)Logistics ဆိုင်ရာဘွဲ့နှင့် လုပ်ငန်းအတွေ့အကြုံ(၇ နှစ်မှ ၁၀ နှစ်)ရှိရမည်။

**( င ) Chief Agronomist(စိုက်ပျိုးရေးပညာရှင်)–(1)Post**

- **တာဝန်များမှာ** မျိုးစေ့ထုတ်လုပ်ခြင်း၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ်(Contract Farming)နှင့် ဆန်စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုအစီအစဉ်များကို ဦးဆောင်လုပ်ကိုင်၍ အထွက်နှုန်းနှင့်အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်မှုများပေးရန်၊ တောင်သူများအတွက် သင်တန်းများနှင့်စိုက်ပျိုးရေးပညာပေးအစီအစဉ်များကို ဖော်ဆောင်ရမည်။ စိုက်ပျိုးရေး(Agriculture)သို့မဟုတ် သက်ဆိုင်ရာနယ်ပယ်မှ ဘွဲ့ သို့မဟုတ် မဟာဘွဲ့ရရှိထားသူ၊ စပါးစိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် Contract Farming စနစ်များအပေါ် နှံ့နှံ့စပ်စပ်နားလည်တတ်ကျွမ်းသူ၊ စိုက်ပျိုးရေးပညာ(Agronomy)သို့မဟုတ် စိုက်ပျိုးရေးစီမံခန့်ခွဲမှုနယ်ပယ်တွင် အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ **၁၀ နှစ်** ရှိသူဖြစ်ရမည်။

**( စ ) Chief Rice Milling Advisor–(1)Post**

- **တာဝန်များမှာ** ဆန်စက်လုပ်ငန်းလည်ပတ်မှုလုပ်ငန်းစဉ်အစအဆုံး၊ စက်ယန္တရားများရွေးချယ်မှု၊ စက်တပ်ဆင်မှုနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်တွင်းပြည်ပဈေးကွက်များသို့တင်ပို့ရောင်းချရေးတို့အတွက် အဓိကအကြံပေးခြင်းများလုပ်ဆောင်၍ ဆန်ထွက်နှုန်း(Milling Recovery Rate)၊ ထုတ်ကုန်အရည်အသွေးနှင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်များကို ပိုမိုကောင်းမွန်အောင်ပြုပြင်ထိန်းသိမ်းရမည်။ ဆန်စက်စမ်းသပ်လည်ပတ်ခြင်း(Mill Commissioning)၊ လုပ်ငန်းစဉ်များအကောင်းဆုံးဖြစ်အောင်ညှိနှိုင်းခြင်း(Process Optimization)နှင့် ကြိုတင်ကာကွယ်ရေးစက်ပြင်ထိန်းသိမ်းမှု(Preventive Maintenance)လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီရမည်ဖြစ်ပြီး၊ လုပ်ငန်းခွင်စံလုပ်ထုံးလုပ်နည်းများ(SOPs)၊ အရည်အသွေးစံချိန်စံညွှန်းများနှင့် အကောင်းဆုံးသောလုပ်ငန်းလည်ပတ်မှုပုံစံများကို ရေးဆွဲဖော်ထုတ်ရမည်။ လုပ်ငန်းလည်ပတ်မှုအဖွဲ့(Operations Team)အတွက် နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်မှုများနှင့် သင်တန်းများပံ့ပိုးပေးနိုင်သူဖြစ်ရမည်။

  စက်မှုအင်ဂျင်နီယာ(Mechanical Engineering)၊ စိုက်ပျိုးရေးအင်ဂျင်နီယာ(Agricultural Engineering)၊ အစားအသောက်အင်ဂျင်နီယာ(Food Engineering)သို့မဟုတ် သက်ဆိုင်ရာနယ်ပယ်မှဘွဲ့၊ Master ဘွဲ့ရရှိထားသူဖြစ်ရမည်။ နိုင်ငံတကာဆန်အရည်အသွေးစံချိန်စံညွှန်းများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုနှင့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ(Quality Management Systems)ကိုနားလည်ကျွမ်းကျင်၍ အကြီးစားဆန်စက်လည်ပတ်မှုလုပ်ငန်းခွင်တွင် လက်တွေ့လုပ်ငန်းအတွေ့အကြုံအနည်းဆုံး **၁၀ နှစ်မှ ၁၅ နှစ်** ရှိရမည်။

**(ဆ) Fertilizer Business Advisor–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏စိုက်ပျိုးရေးနှင့် အကျိုးတူကန်ထရိုက်လယ်ယာ(Contract Farming)စနစ်ကိုပံ့ပိုးပေးနိုင်မည့် မြေဩဇာစီးပွားရေးနည်းဗျူဟာများချမှတ်၍ နည်းပညာပိုင်းဆိုင်ရာအကြံပြုချက်များပေးရန်၊ မတူညီသောသီးနှံများနှင့်ဒေသအလိုက်ကိုက်ညီမည့်မြေဩဇာစပ်နည်းများ(Fertilizer Formulations)နှင့် စိုက်ပျိုးရေးသွင်းအားစုဖြေရှင်းချက်များ ဖော်ထုတ်ရေးဆွဲပေးရမည်။ မြေဩဇာထုတ်လုပ်မှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးရောင်းချမှုများတွင် အကြံပေးခြင်း၊ မြေဆီလွှာနှင့် ဈေးကွက်/ဥပဒေကြောင်းအရ လိုအပ်ချက်များကို ဆန်းစစ်လေ့လာပြီး တောင်သူများနှင့် နည်းပညာအဖွဲ့များအား မြေဩဇာထိရောက်စွာအသုံးပြုနိုင်စေရန် အကြံပြုသင်တန်းပေးနိုင်ရမည်။

  စိုက်ပျိုးရေးဘွဲ့/ဘွဲ့လွန်ရရှိထားပြီး သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၀ နှစ်ရှိကာ၊ မြေဩဇာအကြောင်းနှံ့စပ်၍ ဈေးကွက်ဗျူဟာနှင့် မြန်မာ့လယ်ယာ/Contract Farming စနစ်များကို ကျွမ်းကျင်နားလည်ပြီး ဌာနဆိုင်ရာများနှင့် ဆက်သွယ်ညှိနှိုင်းမှုထက်မြက်၍ ခရီးသွားလာနိုင်သူဖြစ်ရမည်။

**( ဇ ) Warehouse Manager–(1)Post**

- **တာဝန်များမှာ** Bonded Warehouse နှင့် General Warehouse လုပ်ငန်းများစီမံခန့်ခွဲပြီး Inventory Accuracy နှင့် Customs Compliance တို့ကိုတာဝန်ယူရမည် ။ Logistics, Supply Chain(သို့)ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၅ နှစ်မှ ၈ နှစ်)နှင့် Bonded Warehouse စီမံခန့်ခွဲမှုအတွေ့အကြုံရှိရန်လိုအပ်မည်။

**( ဈ ) Project Manager–(1)Post**

- **တာဝန်များမှာ** စီမံကိန်းအတွင်းရှိအဆောက်အဦနှင့်အခြေခံအဆောက်အဦများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် အကောင်အထည်ဖော်တည်ဆောက်သွားရန် တာဝန်ယူရမည်။

  Engineering, Project Management သို့မဟုတ် Construction Management ဘွဲ့ရသူဖြစ်ရမည်ဖြစ်ပြီး အကြီးစားစီမံကိန်းလုပ်ငန်းအတွေ့အကြုံ(၇ နှစ်မှ ၁၀ နှစ်)ရှိရမည်။

**(ည) Rice Mill Manager–(1)Post**

- **တာဝန်များမှာ** ဆန်စက်ကြိတ်ခွဲထုတ်လုပ်မှု(Production)၊ အရည်အသွေး(Quality Control)နှင့် စက်ပစ္စည်းများအမြဲမပြတ်လည်ပတ်နိုင်ရေးစီမံခန့်ခွဲမှုနှင့် နည်းပညာအပိုင်းတာဝန်ယူရမည်။ B.E(Mechanical/Electrical)(သို့)သက်ဆိုင်ရာဘွဲ့ရသူဖြစ်ပြီး ခေတ်မီဆန်စက်ကြီးများတွင် ထုတ်လုပ်မှုစီမံခန့်ခွဲမှုအတွေ့အကြုံ(၅ နှစ်မှ ၈ နှစ်)ရှိရမည်။

**( ဋ ) Logistics & Supply Chain Manager–(1)Post**

- **တာဝန်များမှာ** ဆန်စပါးတင်ပို့မှုသာမက Trade Center မှတစ်ဆင့်စီးဆင်းမည့်ကုန်စည်မျိုးစုံ(Consumer Goods, Multi–products)များအတွက် သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့မှုကွင်းဆက်နှင့် ဝယ်ယူရေးကိစ္စများ တာဝန်ယူဆောင်ရွက်ရမည်။ MBA(သို့)MSC in Supply Chain Management(သို့)သက်ဆိုင်ရာနယ်ပယ်တွင် Professional Diploma ရရှိထားသူဖြစ်ပြီး Logistics နှင့် Supply Chain နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ(၈ နှစ်မှ ၁၀ နှစ်) အထက်ရှိရမည်။

**( ဌ ) Compliance & Legal Manager–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏လုပ်ငန်းများအားလုံး ဥပဒေနှင့်အညီဖြစ်စေရန်၊ စာချုပ်စာတမ်းများစစ်ဆေးရန်နှင့် အစိုးရဌာနဆိုင်ရာကိစ္စများတာဝန်ယူပြီး အန္တရာယ်များကို ကြိုတင်ကာကွယ်အကြံပေးရန်တာဝန်ယူရမည်။ LL.B(ဥပဒေဘွဲ့)(Advocate(သို့)Higher Grade Pleader)လိုင်စင်ရှိသူ ဦးစားပေးခေါ်ယူမည်ဖြစ်ပြီး ကော်ပိုရိတ်ဥပဒေနှင့် စာချုပ်စာတမ်းပိုင်းလုပ်ငန်းအတွေ့အကြုံ(၅ နှစ်မှ ၈ နှစ်)ရှိရမည်။

**( ဍ ) Head of Sales and Marketing–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏ဆန်စပါးထုတ်လုပ်မှု၊ Logistics၊ မြေဩဇာနှင့်အိမ်ခြံမြေ(Real Estate)အားလုံးအတွက် ဈေးကွက်ဗျူဟာချမှတ်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းကို ဦးဆောင်တာဝန်ယူပြီး(Synergy) ဈေးကွက်ထိုးဖောက်မှုနှင့် နိုင်ငံတကာအဆင့်မီ Brand Image ကိုတည်ဆောက်သွားရန် တာဝန်ယူရမည်။ MBA(သို့)Sales & Marketing ဆိုင်ရာ အဆင့်မြင့်ဘွဲ့များရရှိသူဖြစ်ပြီး အရောင်းနှင့်ဈေးကွက်နယ်ပယ်တွင်အတွေ့အကြုံ(၁၀ နှစ်မှ ၁၅ နှစ်)ရှိသူဖြစ်ရမည်။ Hand–on Leader အဖြစ်လုပ်ဆောင်နိုင်သူဖြစ်ရမည်။

**( ဎ ) Sales Executive (Agri– Business Focus)–(1)Post**

- **တာဝန်များမှာ** ဆန်စက်မှထွက်ရှိလာသောဆန်၊ ဆန်ကွဲနှင့် ဖွဲနုအပြင် မြေဩဇာရောင်းဝယ်မှုများကို တာဝန်ယူဆောင်ရွက်ရမည်။ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်(သို့)သွင်းအားစု(FMCG/Agri)ရောင်းဝယ်မှုအတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။ စိုက်ပျိုးရေးဘွဲ့ရသူများကို ဦးစားပေးရွေးချယ်ပါမည်။

**(ဏ) Sales Executive (Logistics Focus)–(1)Post**

- **တာဝန်များမှာ** Inland Depot ဝန်ဆောင်မှု၊ Bonded Warehouse ငှားရမ်းမှုနှင့် Logistics ပို့ဆောင်ရေးဝန်ဆောင်မှုများကိုတာဝန်ယူရမည်။ ဘွဲ့တစ်ခုခုရရှိထားသူ၊ (Sales and Marketing(သို့)Logistics and Supply Chain နှင့်သက်ဆိုင်သည့် Diploma တစ်ခုခုရရှိထားသူဖြစ်ပြီး Logistics(သို့)Shipping နယ်ပယ်တွင် အရောင်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်နှင့်အထက်ရှိသူဖြစ်ရပါမည်။

**(တ) Sales Executive(International Trade Focus)–(1)Post**

- **တာဝန်များမှာ** Trade Center မှတစ်ဆင့် ပြည်ပသို့ကုန်စည်တင်ပို့မှုနှင့် ပြည်ပမှကုန်စည်တင်သွင်းမှု ပမာဏတိုးမြင့်လာအောင် တာဝန်ယူဆောင်ရွက်ရမည်။ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ပြီး(International Business Management ဘွဲ့(သို့)Diploma ရရှိထားသူများကိုဦးစားပေးမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောကျွမ်းကျင်ပြီး Import/Export လုပ်ငန်းများနားလည်ကာ နိုင်ငံတကာဝယ်လက်များနှင့်ဆက်သွယ်နိုင်သူဖြစ်ရမည်။

**(ထ) Sales Executive(Real Estate)–(1)Post**

- **တာဝန်များမှာ** စီမံကိန်းအတွင်းရှိမြေကွက်များ၊ အရောင်းဆိုင်ခန်းများနှင့်ဆက်စပ်သည့်အိမ်ခြံမြေကဏ္ဍကို တာဝန်ယူဆောင်ရွက်ရမည်။ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ပြီး(Sales and Marketing နှင့်သက်ဆိုင်သည့်ဘွဲ့(သို့)Diploma ရရှိထားသူများကိုဦးစားပေးမည်)။ အိမ်ခြံမြေ(Real Estate)အရောင်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်နှင့်အထက်ရှိရမည်။

**( ဒ ) Trade Executive–(1)Post**

- တာဝန်များမှာ Head of Trade ၏လမ်းညွှန်မှုအရ ကုမ္ပဏီ၏နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းစဉ်များ(Import/Export)ကို လုပ်ငန်းအစအဆုံး အဆင်ပြေချောမွေ့စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို တာဝန်ယူဆောင်ရွက်ရမည်။ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ (International Trade နှင့်သက်ဆိုင်သည့်ဘွဲ့(သို့)Diploma ရရှိထားသူများကိုဦးစားပေးမည်)၊ Business English ကျွမ်းကျင်သူ၊ Import/Export ပိုင်းတွင် အတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။

**( ဓ ) Chief Commercial Officer(CCO)–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏စီးပွားရေးဆိုင်ရာမဟာဗျူဟာများ(Commercial Strategy)ချမှတ်ခြင်း၊ ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိအောင်ဦးဆောင်ရမည်။ Sales၊ Marketing၊ Trade နှင့် Customer Service ဌာနအားလုံးညှိနှိုင်းပေါင်းစပ်ပြီး ကုမ္ပဏီ၏စီးပွားရေးရည်မှန်းချက်များပြည့်မီစေရန် တာဝန်ယူဆောင်ရွက်ရမည် ။ MBA ဘွဲ့(သို့)သက်ဆိုင်ရာဘွဲ့တစ်ခုခုရရှိသူဖြစ်ပြီး Senior Commercial Management ရာထူးတွင် အနည်းဆုံး(၅–၁၀)နှစ်အထက်ရှိသူ လုပ်ငန်းအတွေ့အကြုံရှိရမည်။

**( န ) Engineering & Maintenance Manager–(1)Post**

- **တာဝန်များမှာ** စီမံကိန်းရှိ စက်ယန္တရားများ၊ လျှပ်စစ်စနစ်များ(အထူးသဖြင့် Solar Plant နှင့် ဆန်စက်ယန္တရားများ) နှင့် အဆောက်အဦဆိုင်ရာပြုပြင်ထိန်းသိမ်းမှုအားလုံးကို စနစ်တကျစီမံခန့်ခွဲပြီး စက်ပစ္စည်းများချွတ်ယွင်းမှုကြောင့် လုပ်ငန်းမရပ်တန့်အောင် တာဝန်ယူဆောင်ရွက်ရမည်။ B.E. Mechanical(သို့)B.E. Electrical ဘွဲ့ရရှိသူဖြစ်ပြီး စက်ရုံကြီးများ (သို့)စွမ်းအင်ကဏ္ဍတွင် Maintenance ပိုင်း အတွေ့အကြုံ(၅)နှစ်နှင့်အထက်ရှိရမည်။

**( ပ ) Tax and Customs Specialist–(1)Post**

- **တာဝန်များမှာ** ကုမ္ပဏီ၏ပြည်တွင်းအခွန်များတွက်ချက်တင်သွင်းခြင်း၊ ပို့ကုန်၊ သွင်းကုန်ကိစ္စ၊ အကောက်ခွန်(Customs Duty)နှင့် Bonded Warehouse ဆိုင်ရာတွင် အခွန်ကင်းလွတ်ခွင့်၊ ဆိုင်းငံ့ခွင့်ကိစ္စရပ်များအားလုံးကို တာဝန်ယူပြီး အခွန်ရုံး(IRD)နှင့် အကောက်ခွန်ဦးစီးဌာနတို့၏ဥပဒေအတိုင်းကြီးကြပ်ရမည့်အပြင် ကုန်သွယ်မှု၊ ပို့ဆောင်ရေးနှင့်စာရင်းကိုင်အဖွဲ့များနှင့်ပူးပေါင်း၍ အခွန်စာရင်းများစစ်ဆေးခံရမှုများကို ဖြေရှင်းရန်တာဝန်ယူရမည်။ B.com/B.Act/LLB(သို့)စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဥပဒေဆိုင်ရာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ပြီး (ACCA၊ CPA)(သို့)အခွန်ဒီပလိုမာရရှိသူများကိုဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့်အထက်ရှိရမည်။

**အထွေထွေလိုအပ်ချက်များနှင့်ကျွမ်းကျင်မှုများမှာ**

- ပြည်တွင်းပြည်ပလုပ်ငန်းခွင်အတွေ့အကြုံရှိသူ
- အင်္ဂလိပ် သို့မဟုတ် တရုတ်ဘာသာစကား(4 Skills)ကျွမ်းကျင်မှု
- Microsoft Office(Word, Excel, PowerPoint)နှင့် သက်ဆိုင်ရာစီမံခန့်ခွဲမှု Software များကျွမ်းကျင်မှု
- ခိုင်မာသောဦးဆောင်မှုစွမ်းရည်(Leadership)နှင့် ပြဿနာဖြေရှင်းနိုင်မှု
- ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နိုင်သူများကို ဦးစားပေးစဉ်းစားသွားမည်။

**Aung Than Htike Agricultural Development Co., Ltd.တွင် အလုပ်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့်–**

မိမိတို့၏ **Updated CV Form**၊ ပညာအရည်အချင်းအထောက်အထားမိတ္တူများ၊ မိမိ၏အရည်အချင်းလုပ်နိုင်စွမ်းနှင့်ထိုက်တန်သည့် မျှော်မှန်းလစာ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံတို့ကို လျှောက်ထားလိုသောရာထူးနှင့်တကွ အောက်ဖော်ပြပါအီးမေးလ်သို့မဟုတ် လိပ်စာသို့**[15.9.2026]**ထက် နောက်မကျဘဲပေးပို့လျှောက်ထားနိုင်ပါသည်။

- Email : myanmaranbanginvestment.14824@gmail.com
- Phone/Viber : 09750033118, 09886908690
- Office Address : ဒ(၁၃၅)ရွှေပြည်တော်ဝင်လမ်းနှင့်မိုးသောက်ပန်းလမ်းထောင့်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

Aung Than Htike Agricultural Development Co.,Ltd. သည် ဝန်ထမ်းများအားလုံးအတွက် တန်းတူညီမျှသောအခွင့်အရေးကို အရည်အချင်းပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော Qualified ဝန်ထမ်းများအား ဆွဲဆောင်မှုရှိသောလစာများနှင့် အကျိုးခံစားခွင့်များကို ပေးအပ်သွားမည်ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

စောဇော်မြင့်ဦး(ဘ)ငြိမ်းတင် ၃/ဘအန(နိုင်)၃၇၀၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 246356)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

သက်ဇင်ထွန်း(ဘ)ဦးတင်ဦး ၁၀/မလမ(နိုင်)၂၅၀၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 559055)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၈၂၈၄၁၉၀၀

**ပျောက်ဆုံးကြောင်း**

ပြည့်ဖြိုးကျော်(ဘ)ဦးကျော်လှိုင်ထွန်း ၁၂/အစန(နိုင်)၂၃၂၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၀၀၉၈၉၁၉

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက ကြို့ပင်ကောက်၊ Grade–12 မှ မောင်ဝေယံစိုး၏ဖခင်အမည်မှန်မှာ ဦးလှစိုး ၇/ကပက(နိုင်)၀၇၄၂၄၉ ဖြစ်ပါကြောင်း။ **ဦးလှစိုး**

**ပျောက်ဆုံးကြောင်း**

ရဲထွန်းလတ်(ဘ)ဦးထွန်းအေး ၁၂/ဗဟန(နိုင်)၀၇၇၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပြည့်ဖြိုးလင်း(ဘ)ဦးညိုလင်း ၁၂/ပဇတ(နိုင်)၀၃၂၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၅၀၂၄၈၀၁၇

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade–12 မှ မင်းကောင်းမင်းထက် ၃/ဘအန(နိုင်)၅၆၅၅၄၆ ၏ဖခင်အမည်မှန်မှာ ဦးမင်းဝင်းခိုင် ၃/ဘအန(နိုင်)၄၂၃၀၈၇ ဖြစ်ပါကြောင်း။ **ဦးမင်းဝင်းခိုင်**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade–12 မှ မင်းခွဲဟိန်းဆက် ၃/ဘအန(နိုင်)၅၆၅၅၂၇ ၏ဖခင်အမည်မှန်မှာ ဦးမင်းစိုက်ထော ၃/ဘအန(နိုင်)၁၅၅၇၂၆ ဖြစ်ပါကြောင်း။ **ဦးမင်းစိုက်ထော**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ သံလှယ် အခြေခံပညာအထက်တန်းကျောင်း၊ Grade–12 မှ မိစန္ဒာအောင် ၃/ဘအန(နိုင်) ၅၆၅၅၀၅ ၏ဖခင်အမည်မှန်မှာ ဦးမင်းကျော်မင်းဦး ၃/ဘအန(နိုင်)၂၀၃၄၆၇ ဖြစ်ပါကြောင်း။ **ဦးမင်းကျော်မင်းဦး**


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁၆-၇-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောင်းဆုံ | ၄ | ဒသမ | ၅၃ | လက်မ | လှည်းကူး | ၃ | ဒသမ | ၅၄ | လက်မ |
| ရေး | ၄ | ဒသမ | ၀၉ | လက်မ | ထားဝယ် | ၃ | ဒသမ | ၅၄ | လက်မ |
| သထုံ | ၄ | ဒသမ | ၀၇ | လက်မ | ကျိုက္ခမီ | ၃ | ဒသမ | ၄၆ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၈၂ | လက်မ | ဘားအံ | ၃ | ဒသမ | ၂၆ | လက်မ |
| မော်လမြိုင် | ၃ | ဒသမ | ၆၃ | လက်မ | ကွမ်းခြံကုန်း | ၂ | ဒသမ | ၉၅ | လက်မ |

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

ညင်ချီ ဇူလိုင် ၁၆

ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်း ဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့အား ယနေ့ညနေပိုင်းတွင် အဆိုပါမြို့ရှိ Nyingchi Rui Crown Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြား ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ ဗုဒ္ဓဘာသာစာပေ၊ သမိုင်းဝင်အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်မှုများဖြင့် ခရီးစဉ်များဖော်ဆောင်၍ ခရီးသွားကဏ္ဍ စာမျက်နှာ ၂၉ ကော်လံ ၁ ➤





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် ပတ်သက်၍ ထုတ်လုပ်ခွင့်ကို Online E-submission system ဖြင့်လျှောက်ထားနိုင်**

စာ - ၂၄ သို့

**အိန္ဒိယနိုင်ငံက ပုသိမ်စက်မှုဇုန်၌ ပဲပုပ်ဆီကြိတ်စက်ရုံ တည်ဆောက်၍ စားသုံးရန်အသင့် ပဲပုပ်ဆီများ ထုတ်လုပ်ဖြန့်ဖြူးမည်**

စာ - ၈ သို့




## လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို စတင်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

ဆောင်းပါး

**ခေတ်မီတိုးတက်သောနိုင်ငံတည်ဆောက်ရေးအတွက် မဟာဗျူဟာမြောက်အရေးပါသည့် e-ID စနစ်**

စာ - ၁၃ သို့

# တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာငွေများနှင့် အရင်းအမြစ်များစွာသုံးစွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် CNF၊ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ချင်းပြည်နယ်အတွင်းရှိမြို့ရွာများ၌ အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့စိတ်တိုင်းကျ အုပ်ချုပ်နိုင်ရန်ရည်ရွယ်၍ ဒေသကောင်းစားရေးဟု မက်လုံးများပေးကာ ဒေသခံပြည်သူများက ၎င်းတို့အပေါ် ထောက်ခံအားပေးလာစေရန် လုပ်ဆောင်ခဲ့ကြသော်လည်း အမှန်တကယ်တွင် မြို့ရွာများ၌ တိုက်ပွဲများဖော်ဆောင်ခဲ့သောကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်သေကျေပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများအနေဖြင့် စာမျက်နှာ ၂၂ ကော်လံ ၁ ▼

# Fire Dragon Futsal Championship အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှကြီးမှူးကျင်းပသည့် Fire Dragon Futsal Championship 2026 အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ MFF Futsal Stadium ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ၏ နံနက်ပိုင်းပွဲစဉ် KSL အသင်းနှင့် MARYAR အသင်းတို့ပွဲတွင် KSL အသင်းက ၅ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ စာမျက်နှာ ၁၂ ကော်လံ ၁ ➢



## ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁ ပေခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စာမျက်နှာ ၁၀ ကော်လံ ၃ ➪